(က) နိဒါန်း

(ခ) နိုင်ငံတကာ့အခြေအနေ

(ဂ) ပြည်တွင်း အခြေအနေ

(ဃ) ဗကပ၏ လုပ်ငန်းအရပ်ရပ်

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေသည်။

# တိုင်းပြည်နှင့်ပြည်သူကို
# အလုပ်အကျွေးပြုရေးအတွက်
# ပြည်ချစ်ဝါဒလမ်းစဉ်

★

၂၀၀၁ ခုနှစ်၊ ဇွန်လ။

**SPDC** သည် စတုတ္ထ စစ်အုပ်စုလောင်းလျာများ အလိုကျမလုပ်ဟု အတပ်မပြောနိုင်ပါ။ နောက်ပြန်လှည့်သွားနိုင်ပါသည်။ စကားပြောပွဲသို့အရောက် တံဖျာတလှည့် ထမ်းပိုးကျည်းတလှည့်သုံးပြီး အရောက်ပို့ထားရခြင်း ဖြစ်သည်။ နောက်ပြန်လှည့်သွားလျှင် အဆိုးဆုံးဖြစ်ပြီး တိုင်းပြည်ကံဆိုးမိုးမှောင် ကျပါလိမ့်မည်။

အကောင်းဆုံးကို မျှော်လင့်၊ အဆိုးဆုံးအတွက်လည်း ပြင်ထားရပါမည်။

ထိုင်းဝန်ကြီးချုပ်၏ ဗမာပြည်ခရီး အောင်မြင်ခြင်းသည် အဆိုးဆုံးသို့ မရောက်သေးဟု အဓိပ္ပာယ် ရပါသည်။ သို့သော် စိတ်မချရပါ။

ကမ္ဘာ့စနစ်သစ် လွန်ပွဲက ရှိနေသည်။ **ASEAN** ကလည်း ကွန်မြူနစ်ရော၊ ပဒေသရာဇ်ရော၊ စစ်အစိုးရရော၊ ယိုင်နဲ့နဲ့ ဒီမိုကရေစီရော စုပေါင်းစပ်ပေါင်းအဖွဲ့ ဖြစ်သည်။ အဖွဲ့၏ကြံ့ခိုင်မှု မရှိပါ။ သူ့သမိုင်းကလည်း အပြောင်းအလဲ များလှသည်။

၂၁ ရာစုတွင် ငြိမ်းချမ်း၍ တည်ငြိမ်သောဗမာပြည် ဖြစ်ပေါ်စေလိုသည့် စေတနာဖြင့် (ဗကပ) က အရာရာကို ချဉ်းကပ်ပါသည်။ သို့သော် လက်တွေ့ဘဝကိုလည်း အာရုံပြုပါသည်။

အကောင်းဆုံး (**NLD** နှင့် **SPDC** အပေးအယူမျှခြင်း) ကိုမျှော်လင့်၊ အဆိုးဆုံး (**SPDC** က နောက်ပြန်ဆုတ်ပြီး စတုတ္ထ စစ်အုပ်စုအတွက် 'တက်လမ်း' ဖွင့်ပေးခဲ့ခြင်း) အတွက်လည်း ပြင်ဆင်ပါသည်။

## (ဃ) (ဗကပ) ၏ လုပ်ငန်းအရပ်ရပ်။

(၁) တပ်ပေါင်းစုလုပ်ငန်း။
(၂) အလုပ်သမားရေးရာလုပ်ငန်း။
(၃) လယ်သမားရေးရာလုပ်ငန်း။
(၄) ကျောင်းသားလူငယ်ရေးရာလုပ်ငန်း။
(၅) အမျိုးသားအရင်းရှင်နှင့်ပတ်သက်သည့်လုပ်ငန်း။
(၆) သီးခြားပြဿနာများအပေါ် အမြင်နှင့်သဘောထား။

၂၀၀၁ ခုနှစ်၊ ဇွန်လ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

# <u>တိုင်းပြည်နှင့်ပြည်သူကို အလုပ်အကျွေးပြုရေးအတွက် ပြည်ချစ်ဝါဒလမ်းစဉ်</u>

## (က) နိဒါန်း။

၂၁ ရာစုသို့ဝင်ခဲ့ပါပြီ။ ၁၈ ရာစုကအတိုင်း ဗမာပြည်နိုင်ငံရေးကို စဉ်းစားလုပ်ဆောင်၍ မဖြစ်ပါ။ ၂၀ ရာစု အတိုင်းလည်း မဖြစ်ပါ။ ၂၁ ရာစု အခြေအနေအရ စဉ်းစားကြ၊ လုပ်ဆောင်ကြရန် လိုပါသည်။

အဟောင်းအတိုင်း စဉ်းစားလုပ်ဆောင်နေကြလျှင် နောက်ကျသွားပါလိမ့်မည်။ ခံရပါ လိမ့်မည်။ ၁၉ ရာစု၊ ၂၀ ရာစုများက ကျွန်တော်တို့ဘိုးဘေးများ နောက်ကျခဲ့ပါသည်။ ကိုလိုနီဘဝ ကျဆင်းခါနီးအထိ မန္တလေးတွင် နန်းတွင်းသတ်ဖြတ်ပွဲများ ထီးနန်းဆက်ခံရေး ပြဿနာများဖြင့် လုံးလည်လိုက်နေပါသည်။

ရန်ကုန်တွင် နယ်ချဲ့က အခြေချနေပြီး အထက်ဗမာပြည်တွင် တောကြောင်များ ထနေပါသည်။ ဗန်းမော်ကိုပင် သိမ်းကြသည့်အထိ အတင့်ရဲနေပါသည်။ တမျိုးသားလုံး ညီညွတ်ရေးမပြောနှင့် မိမိမင်းမျိုးမင်းနွယ် လက်တဆုပ်စာ၏ ညီညွတ်ရေးပင် မရှိခဲ့ပါ။ ကိုလိုနီဘဝ ကျဆင်းမှ အဆုံးသတ်သွားပါသည်။

ထိုသင်ခန်းစာမျိုးထပ်မံမရစေလို၍ ဤလမ်းစဉ်ကိုတင်ပြပါသည်။

## (ခ) နိုင်ငံတကာ့အခြေအနေ။

ကမ္ဘာ့စနစ်ဟောင်း တဖြည်းဖြည်းကွယ်ပျောက်နေပါသည်။ ကမ္ဘာ့စနစ်သစ်ကလည်း မရှိသေးပါ။ ကမ္ဘာ့စနစ်ဟောင်းတွင် စူပါပါဝါနှစ်တိုင်းပြည်ဦးဆောင်သော အုပ်စုကြီးနှစ်ခုနှင့် ထိုအုပ်စုများတွင်မပါသော ကြားနေဘက်မလိုက်အုပ်စုကြီးတခု ရှိခဲ့ပါသည်။ ဗမာပြည်သည် ထိုကြားနေ ဘက်မလိုက်အုပ်စုကြီးအတွင်း ပါခဲ့ပါသည်။ ဗိုလ်နေဝင်းစိတ်ရှုပေါက်ပြီး ထွက်ခဲ့သည်ကလွဲ၍ အမြဲတမ်း ပါခဲ့ပါသည်။ အခြေခံအားဖြင့် မှန်ကန်သောရပ်တည်ချက်ဖြစ်ပါသည်။ အုပ်စုကြီးသုံးစုရှိနေသော ကမ္ဘာ့စနစ်ရှိနေသဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို တစုံတရာ ထိန်းထားနိုင်ခဲ့ပါသည်။ တတိယကမ္ဘာစစ်မဖြစ်ခဲ့ပါ။ သို့သော် "စစ်အေးခေတ်" ဟုခေါ်သောခေတ်၌ ဒေသန္တရစစ်များကား ဖြစ်ခဲ့ပါသည်။ ဗမာပြည်သည်

ထိုစစ်များအတွင်း ငြိတွယ်ခြင်း၊ ပါဝင်ခဲ့ခြင်း မရှိခဲ့ပါ။

ယခုမူ ကမ္ဘာ့စနစ်ဟောင်းကုန်ဆုံးနေပါပြီ။ ကမ္ဘာ့စနစ်သစ်လည်းမရှိသေးပါ။ အရည်တည်ကာလဖြစ်နေပါသည်။ အရည်တည်ကာလသည် သူ့အလိုလို ပြီးပြတ်ပြေလည်သွားမည် မဟုတ်ပါ။

ဖြစ်လေ့ရှိသည်မှာ ကမ္ဘာ့စနစ်သစ်ကို စစ်ကြီးတခုအပြီး စစ်နိုင်သူများက ချမှတ်လေ့ရှိပါသည်။

ပထမကမ္ဘာစစ်အပြီးတွင် စစ်နိုင်သော "မဟာမိတ်အဖွဲ့" (အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ အီတလီ၊ ဂျပန် အင်အားကြီး နိုင်ငံများ) က ချမှတ်ပါသည်။

ဂျာမဏီ၊ သြစတြီးယား၊ တူရကီ ပိုင်ကိုလိုနီများကို ခွဲဝေယူကြပါသည်။ စစ်ရှုံးနိုင်ငံများကို ပြန်မလှုန်နိုင်အောင် စာချုပ်များဖြင့် ဖိပါသည်။ လျော်ကြေးမတန်တဆတောင်းပါသည်။

နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nations) ဖွဲ့ပါသည်။

"စစ်အားလုံးကို အဆုံးသတ်ပစ်မည့်စစ်ကြီး" ဟု ပြောပြီးတိုက်ခဲ့ကြသော 'မဟာမိတ်များ' သည် နောက်ထပ်စစ်တခု မဖြစ်မနေဖြစ်အောင် လုပ်ထားခဲ့ပါသည်။

ဤသို့ဖြင့် ဖက်ဆစ်စနစ်ပေါ်လာကာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပါသည်။ စစ်ကြီးနှစ်ခုအကြားတွင် ကြားကာလ (၂၀) နှစ်သာ ရှိပါသည်။ ဒုတိယကမ္ဘာစစ်ကြီး မလွဲမသွေဖြစ်တော့မည်ဆိုသည်ကို အစောကြီးကတည်းက လူတိုင်းသိနေခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် စစ်နိုင်သူများက ကမ္ဘာ့စနစ်သစ် ဦးစီးပြီးချမှတ်ပြန်ပါသည်။ ချမှတ်သူများထဲတွင် တရုတ်ပါလာပါသည်။ အလွန်ထူးပါသည်။ ကိုလိုနီတပိုင်းတိုင်းပြည်က ကြီး (၅) ကြီးထဲ ပါခြင်းပါ။ ဂျပန်ကိုတိုက်နေရစဉ် နေရာပေးရခြင်းဖြစ်ပါသည်။ စစ်ရှုံးနိုင်ငံများ မပါရပါ။ ဂျပန် မပါရတော့ပါ။

ကမ္ဘာ့ကုလသမဂ္ဂ (United Nations) ဖွဲ့ပါသည်။ ဗီတိုပိုင်ရှင် ( ကြီး ၅ ကြီး ) ထားပါသည်။ ဤသည်ကိုအားလုံးသိပြီး ဖြစ်ပါသည်။

ထူးခြားချက်မှာ ကိုလိုနီနိုင်ငံများအားလုံး လွတ်လပ်လာခြင်း ဖြစ်ပါသည်။ လွတ်လပ်သောနိုင်ငံများ အားလုံးနီးပါးသည် အမေရိကန်ဦးစီးသည့် နယ်ချဲ့ဂိုဏ်းထဲလည်း မဝင်၊ ဆိုဗီယက်ယူနီယံဦးစီးသည့် ဆိုရှယ်လစ်ဂိုဏ်းအတွင်းလည်း မပါကြဘဲ၊ သီးခြားဘက်မလိုက်ဂိုဏ်းကြီး ဖွဲ့ပါသည်။

ဤဂိုဏ်း ၃ ဂိုဏ်းအတွင်း၌ အပြောင်းအလဲများ ရှိခဲ့သော်လည်း အခြေခံမပြောင်းခဲ့ပါ။ ၃ ဂိုဏ်း (၃ ကမ္ဘာ) ကွဲပြားနေသော ကမ္ဘာ့စနစ်အဖြစ်ပင် တည်ရှိနေခဲ့ပါသည်။

ထိုသို့တည်ရှိနေခြင်းသည်ပင် တတိယကမ္ဘာစစ်ကြီး မဖြစ်ရေးကို တားထားနိုင်သည်ဟု ယူဆနိုင်ပါသည်။ ကမ္ဘာဖျက်လက်နက်များ ပေါ်လာခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး



တတိယစစ်အုပ်စု လက်ထက်တွင် မာရှယ်လောဖြင့် အုပ်ချုပ်ခြင်းကြောင့် စစ်အုပ်စုလက်ထဲမှာ "တိုက်ရာပါ" ပစ္စည်းများ စုပုံရောက်ရှိနေသည်။

ပထမစစ်အုပ်စု လက်ထက်ကပစ္စည်း (BEDC) ကအစ၊ ဒုတိယစစ်အုပ်စုလက်ထက်က ပစ္စည်းများ (ဆိုရှယ်လစ်အရင်းအနှီးများ) အလယ်၊ တတိယစစ်အုပ်စုလက်ထက်ပွားပစ္စည်းများ (UMEH မှအစ စစ်တပ်ပိုင် အဆင့်မြင့်ကျောင်းများအထိ) အဆုံးအလွန်များပြားပါသည်။

နိုင်ငံရေးအာဏာ၊ စီးပွားရေးအာဏာ၊ လူမှုရေးအာဏာများကို အထိန်းအကွပ်မရှိ လုပ်ပိုင်ခွင့်ရနေသဖြင့် ဤအရာများကို လက်မလွှတ်ချင်ကြပါ။ တတိယစစ်အုပ်စု SPDC က NLD နှင့်ဆွေးနွေးပွဲတွင် လျှော့ပေးသွားမည်ကိုစိုးရိမ်သော စတုတ္ထမျိုးဆက်သစ်က ထိုင်းဗမာအရေးကို ဖန်တီးခြင်း ဖြစ်ပါသည်။

SPDC သည် ကတိခံဝန်ချက်ပေးပြီး တက်လာရသည့်အစိုးရ ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ရေး၊ အခြေခံဥပဒေရေးဆွဲရေးကတိများ ပေးထားရပါသည်။ မတင်မကျဖြစ်နေသော "အမျိုးသားညီလာခံ" ကလည်း ရှိနေသေးသည်။

ထို့အပြင် ပြည်တွင်းပြည်ပ အကျပ်အတည်းများကို လက်တွေ့ခံစားနေရသူများဖြစ်သည်။ ထို့ကြောင့် NLD နှင့် စကားပြောပွဲကို ကျိတ်ပြီးလုပ်နေရသည်။ ထိုသို့ကျိတ်ပြီးလုပ်သောအခါ မည်သို့ဖြစ်နေသည်၊ မည်သည့်အချက်များ ပြောနေကြသည်ကိုသိလိုကြသည်မှာ မဆန်းပါ။

ပြည်သူကသိလိုသည်မှာ တိုင်းပြည်၏ရှေ့ရေးအတွက် ဖြစ်သည်။ စစ်အုပ်စုလောင်းလျာများ သိလိုသည်မှာ သူတို့ရှေ့ရေးအတွက် ဖြစ်သည်။ မတူပါ။ NLD ကို ဘာတွေလျှော့ပေးနေသလဲ၊ တို့အတွက် ဘာကျန်သလဲ၊ တို့အစိုးရတက်လုပ်ဖို့အလှည့်ကို ပိတ်ပစ်ခဲ့ပြီလား။ စစ်တန်းလျားပြန်ရတော့မှာလား စသဖြင့် သူတို့စိတ်လောနေသည်။

SPDC မှာ ရှေ့တွင်ပြည်သူ၊ နောက်တွင် စတုတ္ထမျိုးဆက်လောင်းလျာ၊ ဤနှစ်ခုကြား အကျဉ်းအကျပ်ထဲ ရောက်နေပါသည်။

SPDC ကို ကတိအတိုင်း လုပ်ပါ။ နောက်မဆုတ်နဲ့ဟု ကွန်မြူနစ်ပါတီက သတိပေးသည့်အနေနှင့် ထိုင်း ဗမာအရေး ထုတ်ပြန်ချက်ကို ထုတ်လိုက်ခြင်း ဖြစ်သည်။

အကောင်းဆုံးကို မျှော်လင့်
အဆိုးဆုံးအတွက် ပြင်ထားကြ

ပြိုကွဲဖူးပါသည်။ ထိုကိစ္စကိုတော့ တစည က ထည့်မပြောပါ။ ဗိုလ်နေဝင်း အလိုမကျဖြစ်မှာကို စိုးရိမ်၍ ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ နားလည်ပါသည်။

တစည က ဗိုလ်ဇော်ထွန်းလိုလူတွေ နအဖထဲမှ ထပ်မံပေါ်ထွက်လာမည်ကို စိုးရိမ်နေကြောင်း အထင်အရှား တွေ့ရပါသည်။ စိုးရိမ်ထိုက်ပါသည်။

နအဖ စစ်အုပ်စုမှာ အခြောက်တိုက် ဘဝင်မြင့်နေပါသည်။ ဗိုလ်သာကျော်တို့လည်း တွေ့မိလိမ့်မည်ထင်ပါသည်။ ရှေ့ကစစ်အုပ်စုဟောင်းများ မလုပ်နိုင်ခဲ့တာတွေ သူတို့ လုပ်နိုင်သည်ဟု အထင်ရောက်ပြီး ဘဝင်မြင့်ကြခြင်း ဖြစ်ပါသည်။ စစ်အေးခေတ် ကုန်ဆုံးခြင်း ဆိုသော အကြောင်းအချက်ကို သူတို့ထည့်မတွက်ကြပါ။

ထိုသို့ ထည့်မတွက်သောကြောင့် စစ်အေးလွန်ခေတ်၏ အကျိုးကျေးဇူး ယာယီ ခံစားရခြင်းကို အဟုတ်ကြီးထင်နေပြီး စစ်အေးလွန်ခေတ်က ပေးလာမည့် အန္တရာယ်ကို မမြင်နိုင်ကြတော့ပါ။

၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ခြင်းသည် ပြည်တွင်းရေးသက်သက် ဖြစ်ပါသည်။ ထိုငြင်းပယ်ခြင်း၏ အကျိုးဆက်အဖြစ် နိုင်ငံတကာ့ခွင်တွင် အထီးကျန် ဖြစ်ရပါသည်။ နောက်ဆုံးတွင် ဗိုလ်ဇော်ထွန်းလိုပုဂ္ဂိုလ်မျိုး ပေါ်ရပါသည်။

ယခုမူ ပြည်ပရေး (ထိုင်းနှင့် ပါးစပ်စစ်တိုက်ခြင်း) ကို လုပ်လာပါသည်။ ဤဘဝင်မြင့် လုပ်ရပ်ကြောင့် တိုင်းပြည်ဒုက္ခတွေ့ပါလိမ့်မည်။ တစည ပါတီ အစိုးရိမ်ဆုံးဖြစ်သော တပ်မတော် ပြိုကွဲရေးနှင့် ရပ်နေမည့်ကိစ္စ မဟုတ်ပါ။ တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်ကြီးပါ ကပ်ပါလာပါ လိမ့်မည်။

တစည ဥက္ကဌ ဗိုလ်သာကျော်အပါအဝင် ဗိုလ်ထွန်းတင်စသော တစည ခေါင်းဆောင်စုသည် ခေတ်အမျိုးမျိုးကို ဖြတ်သန်းဖူးကြပါသည်။ တချက်မှားရုံဖြင့် တိုင်းပြည် မည်သည့်ဘဝ ကျရောက်နိုင်သည်ကို သိကြပါသည်။ ထို့ကြောင့် လက်ရှိစစ်အုပ်စုကို အချိန်မီ ပြုပြင်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။

(ကျွန်တော်တို့ ပြောရေးဆိုခွင့်ရှိသူ၏ ထိုင်း – ဗမာ အရေးနှင့်ပတ်သက်သည့် ထုတ်ပြန်ချက် ပူးတွဲပေးလိုက်ပါသည်။)

ကျန်းမာ၍ တိုင်းပြည်အကျိုးသည်ပိုးနိုင်ကြစေကြောင်း ဆုမွန်ကောင်း တောင်းပါ သည်။

၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်။ <u>ဗမာပြည်ကွန်မြူနစ်ပါတီတွင်းမှ</u>

၂၀၀၁ ခုနှစ်၊ ဇွန်လ၊ ၃၀ <u>သင်တို့၏တိုက်ဖော်တိုက်ဖက်ဟောင်းများ</u>။



လှုပ်ရှားမှု ရှိခြင်းတို့ကလည်း ကမ္ဘာ့ငြိမ်းချမ်းရေးကို တမျိုးတဖုံ ထိန်းသိမ်းပေးနိုင်ခဲ့ပါသည်။

နှစ်ပေါင်း (၅၅) ကျော်တည်ရှိခဲ့သော ကမ္ဘာ့စနစ်၏အခန်းသည် ယခုအခါ ကုန်ဆုံး နေလေပြီ။ ကမ္ဘာ့စနစ်သစ်တခု ချရတော့မည့် အခြေအနေ ဖြစ်ပေါ်ခဲ့ပါပြီ။ ဤတွင် ပြဿနာ စပါတော့သည်။

ပြဿနာမှာ ယခင်ကနှင့်မတူဘဲ ကမ္ဘာ့စနစ်သစ်ကို ရှုံးသူနိုင်သူမရှိသော အခြေ အနေတွင် ချမှတ်ရမည့်အနေအထား ဖြစ်ပါသည်။ ဤကား မကြုံစဖူးထူးခြားသော အခြေအနေ ဖြစ်ပါသည်။ တကမ္ဘာလုံးရင်ဆိုင် ဖြေရှင်းရမည့်ပြဿနာ ဖြစ်လာနေပါသည်။

ပြဿနာကို ကုလသမဂ္ဂက ဖြေရှင်းနိုင်မည်လော။ မရနိုင်ပါ။ ကုလသမဂ္ဂက ဖြေရှင်းပေးနိုင်သောကိစ္စ မဟုတ်ပါ။

ပြဿနာ၏ အဓိကဆုံချက်မှာ စစ်အေးခေတ်အပြီးတွင် ရှုံးသူနိုင်သူရှိသလော ဟူသည့်ကိစ္စ ဖြစ်ပါသည်။

အမေရိကန်က နိုင်သူဟု သူ့ကိုယ်သူ သတ်မှတ်ပါသည်။ ရုရှားကရှုံးသည်ဟု မယူဆပါ။ အခြားနိုင်ငံကြီး အတော်များများကလည်း ရှုံးသူနိုင်သူမရှိဟု ယူဆကြပါသည်။ (သို့မဟုတ်) ယူဆကြပုံ ပေါ်ပါသည်။ ကြားနေဘက်မလိုက်ဂိုဏ်းကြီးကလည်း အရှုံးအနိုင် မရှိဟုယူဆပြီး အခြေအနေသစ်တွင် ဆက်လက်လှုပ်ရှားနေကြပါသည်။ ဤကား စစ်အေးခေတ် ပြီးဆုံးခြင်း၏ ထူးခြားချက် ဖြစ်ပါသည်။ (တကယ့်စစ်ကြီးတွင်ကား ရှုံးသူနိုင်သူ ပြတ်သားပါသည်)

ဤထူးခြားချက်ကပင် ယနေ့နိုင်ငံတကာ့ အခြေအနေကို ဖြစ်ပေါ်စေပါသည်။ နိုင်ငံ တကာ့ အခြေအနေကို ပြဋ္ဌာန်းကြရာတွင် ကမ္ဘာ့နိုင်ငံအားလုံး တန်းတူရည်တူ ပြဋ္ဌာန်း ကြရသည် မဟုတ်ပါ။ နိုင်ငံကြီးများက ပြဋ္ဌာန်းကြခြင်း ဖြစ်ပါသည်။ ထိုနိုင်ငံကြီးများမှ အုပ်စိုးသူများက သူ့တိုင်းပြည်၏ “အမျိုးသားအကျိုးစီးပွား” ကိုကြည့်၍ ပြဋ္ဌာန်းခြင်း ဖြစ်ပါ သည်။ ထို့ကြောင့် “အမျိုးသားအကျိုးစီးပွား” ကို မည်သို့မည်ပုံ သူတို့သတ်မှတ် ထားသနည်း၊ မည်သို့မည်ပုံ အကောင်အထည်ဖော်နေကြသနည်း ဆိုသည်ကို ကြည့်ရပါမည်။

အမေရိကန်ကို ပထမဆုံးကြည့်ပါမည်။ “နိုင်သူ” ဟု သူ့ဘာသာ သတ်မှတ်ထား သူ ဖြစ်၍ သူကစရပါသည်။

အမေရိကန်တွင် ရီပတ်ဘလစ်ပါတီ အာဏာရနေပါသည်။ ထိုပါတီ၏ထိပ်သီးများ ရေးကြ၊ ပြောကြ၊ လုပ်ကြသည်ကို ကြည့်ရပါမည်။

တခါက ရီပတ်ဘလစ်ပါတီ၏ ကြယ်တပွင့်ဖြစ်ခဲ့သူ ဂင်းဂရစ်ချ် ( Gengrich ) က “သမီးရည်းစားချိန်းတွေ့သလို မရဲတရဲ လုပ်မနေနဲ့၊ ကိုယ့်မယား ဖြစ်နေပြီ၊ ရဲရဲသာ ဆက်ဆံ” ဟု ကလင်တန်ကို ဝေဖန်ဖူးပါသည်။ ကမ္ဘာကြီးတခုလုံး ရထားပြီ၊ ကြောက်ရွံ့ ကြောက်ရွံ့ လုပ်မနေနဲ့ဟုပြောခြင်း ဖြစ်ပါသည်။ ဂင်းဂရစ်ချ်မှာ သမ္မတဖြစ်ရန် ချိန်နေသူဖြစ်၍

‘ရဲတယ်၊ ပြတ်တယ်’ ဟု အထင်ခံရရန်ပြောခြင်း ဖြစ်ပါသည်။

လက်တွေ့သမ္မတလုပ်နေသော ကလင်တန်ကတော့ တမျိုးစဉ်းစားရပုံ ပေါ်ပါသည်။ သူတခါက စကားမှားသွားသောအခါ ဟောင်ဖွာဟောင်ဖွာ ပြောလေ့ရှိသော ရုရှားသမ္မတ ယဲ့လ်ဆင်က “တို့မှာ အဏုမြူလက်နက်တွေ ရှိတယ်ဆိုတာ မေ့သွားပြီထင်တယ်” ဟု ကလင်တန်ကို ခြောက်ပါသည်။ ကလင်တန်က “မမေ့ပါ” ဟု တုံ့ပြန်ပါသည်။

ရုရှား၏အိမ်တံခါးဝတွင် နေနေရသောတိုင်းပြည်များက အမေရိကန်ကို ဆင်ဆင်ခြင်ခြင် ပြောရန်လုပ်ရန် အတွင်းကြိတ် သတိပေးခဲ့ရပါသည်။

ရွေးကောက်ပွဲကာလက ရီပတ်ဘလစ်ပါတီအတွင်း တွင်ကျယ်သူနှစ်ဦးက ( တဦးက အမျိုးသမီး ကွန်ဒိုလီဇာရိုက်စ် Condoleezza Rice အခုသမ္မတရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ဖြစ်နေတယ်။ တဦးက ရောဘတ်ဇိုးလစ် Robert Zoellick သူလည်းကြီးကြီး အကောင်ပဲ ဖြစ်မယ်၊ ဘာဖြစ်နေတယ်မသိ) မဲဆွယ်ဆောင်းပါးများ ရေးခဲ့သည်။

– ရိုက်စ် ရေးသည့်ဆောင်းပါး၏ အချုပ်သဘောမှာ

– ဆိုဗီယက်ယူနီယံ မရှိတော့ဘူး။ ဒါပေမဲ့ အမေရိကန်ရဲ့ ‘အမျိုးသား အကျိုးစီးပွား’ ဘာလဲဆိုတာ ရှင်းရှင်းလင်းလင်း မရှိကြသေးဘူး။

– အပြောင်းအလဲကာလဟာ အရေးကြီးတယ်။ သေနင်္ဂဗျူဟာအခွင့်ကောင်းတွေ ပေါ်တတ်တယ်။ အခုလိုအရည်တည်ကာလမှာ အနာဂတ် ကမ္ဘာ့ပုံသဏ္ဍာန်ကို ဩဇာသက်အောင် လုပ်နိုင်တယ်။

– အမေရိကရဲ့ နိုင်ငံခြားရေးပေါ်လစီသစ် ချတော့မယ်ဆိုရင် အမေရိကန်မှာ ထူးခြားတဲ့အဆင့်နေရာ ရှိတယ်ဆိုတာက အစချီရမယ်။

– အင်အားကြီးနိုင်ငံက အာဏာပါဝါပြရမှာ အင်အားသုံးနိုင်ငံရေး လုပ်ရမှာကို ရှုံးတိုးရှန့်တန့်ဖြစ်နေသူတွေ ရှိတယ်။ ‘အမျိုးသားအကျိုးစီးပွား’ ကို ပစ်ပယ်ပြီး ‘လူသားအားလုံး အကျိုးစီးပွား’။ ‘နိုင်ငံတကာ အဖွဲ့အစည်းအကျိုးစီးပွား’ ဆိုတာတွေနဲ့ အစားထိုးချင်ကြတယ်။ နိုင်ငံအများက ထောက်ခံမှ၊ ကုလသမဂ္ဂကထောက်ခံမှ အင်အားသုံးတာတရားတယ်လို့ ယုံနေကြတယ်။ ဒါတွေဟာ မှားတယ်။

– အမေရိကန်ရဲ့ ‘အမျိုးသားအကျိုးစီးပွား’ ကို လုပ်တာဟာ လွတ်လပ်မှုဈေးကွက်နဲ့ ငြိမ်းချမ်းရေး တိုးတက်အောင်လုပ်ခြင်းပဲ။

– အမေရိကန်မှာ အထူးကဏ္ဍရှိတယ်။ သူများတွေ ကြံဆထားတဲ့ သဘောတူညီချက်တိုင်း၊ စာချုပ်တိုင်းကို လိုက်လုပ်နေစရာ မလိုဘူး။

– အမေရိကန်မှာ ‘အမျိုးသားအကျိုးစီးပွား’ ရှိတယ်ဆိုတာ လက်ခံသူတွေကတောင် အင်အားကြီးနိုင်ငံရဲ့ အာဏာပြနိုင်ငံရေးလုပ်ဖို့ တွန့်နေကြတယ်။ အာဏာပြနိုင်ငံရေးလုပ်ဖို့ မကြောက်ကြပါနဲ့။



ဖြစ်မည်ဆိုလျှင် ခပ်စောစောက ဖြစ်ရပါမည်။ ယခု NLD နှင့်ဆွေးနွေးနေသည့်အခါကျမှ ပေါ်လာခြင်းဖြစ်၍ မရိုးသားပါ။

NLD ကို အပြီးအပိုင်ဖျက်သိမ်း ချေမှုန်းတော့မည်ဟူသော သတင်းထွက်ခဲ့သည်နှင့် ဆက်စပ်ကြည့်ရန်လည်း လိုပါသည်။ ဤသတင်းသည် ကောလာဟလ မဟုတ်ကြောင်း ဗိုလ်သာကျော်က ဗိုလ်သန်းရွှေထံပေးစာတွင် အတည်ပြုထားပါသည်။ တစည စစ်ဗိုလ်များမှာ တတိယစစ်အုပ်စု၏ အကြီးအကဲများ ဖြစ်ပါသည်။ တပ်နှင့်ကင်းကွာနေသူများလည်း မဟုတ်ပါ။ အတွင်းသိများ ဖြစ်ပါသည်။ သူတို့ကိုယ်တိုင်က အတည်ပြုထားသဖြင့် “NLD ဖျက်သိမ်းရေး” သတင်းသည် ကောလာဟလမဟုတ်ကြောင်း ထင်ရှားသွားပါသည်။

ကွန်မြူနစ်ပါတီက ဗိုလ်သာကျော်၊ ဗိုလ်ထွန်းတင်တို့ထံ အိတ်ဖွင့်ပေးစာ ရေးထားပါသည်။

စာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## တစည ဥက္ကဋ္ဌ ဗိုလ်သာကျော်သို့ အိတ်ဖွင့်ပေးစာ

၁၃၊ ၁၀၊ ၂၀၀၀ ရက်စွဲတပ်ထားသည့် ဗိုလ်သန်းရွှေ (နအဖ ဥက္ကဋ္ဌ) ထံသို့ ဗိုလ်သာကျော် (တစည ဥက္ကဋ္ဌ) မှ ပေးစာကို ဖတ်ရပါသည်။ လျှို့ဝှက်ဟု သတ်မှတ်ထားသော်လည်း မလျှို့ဝှက်လိုကြောင်း သိသာပါသည်။ တစညပါတီ ထွက်လာသင့်ပြီဟု ကျွန်တော်တို့ ပြောခဲ့သည်မှာ ကြာပါပြီ။ ယခုထွက်လာသဖြင့် ကြိုဆိုပါသည်။

ထွက်လာသည့်ရက်စွဲကို ကြည့်သောအခါ နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ “စကားပြောပွဲ” စသည့်အချိန်နှင့် တိုက်ဆိုင်နေသည်ကို တွေ့ရပါသည်။ ရေးထားသည့်အာဘော်ကို ကြည့်သောအခါလည်း “လိပ်ပြာမသန့်”၊ “သမိုင်းတရားခံ” အဖြစ်မခံနိုင်ဟု ဆိုထားသဖြင့် ဤ “စကားပြောပွဲ” ဖြစ်စေရန် သူတို့လည်း တွန်းဆော်ပေးနေပါသည်ဟု တိုင်းပြည်သို့ အသိပေးလိုဟန် ရှိပါသည်။ ကျွန်တော်တို့သည် ဗိုလ်နေဝင်းထံသို့ မသေမီ တိုင်းပြည်အတွက် ကောင်းမှုတခုတော့ လုပ်သွားစေချင်ကြောင်း စာရေးဖူးပါသည်။ နအဖနှင့် NLD စေ့စပ်ဆွေးနွေးပွဲ ဖြစ်မြောက်အောင် သူ၏အရှိန်အဝါကိုသုံးပြီး သူ့တပည့်သားမြေးများကို တွန်းပေးပါက တိုင်းပြည်အတွက် ကောင်းမှုတခုပြုခြင်းဟု ကျွန်တော်တို့ယူဆမည် ဖြစ်ကြောင်း စာရေးခြင်း ဖြစ်ပါသည်။

ယခုလည်း တစညတွင်းမှ တပ်မှူးကြီး (ဟောင်း) များသို့ အောက်ပါအတိုင်း အကြံပေးလိုပါသည်။ တစည အနေနှင့် တပ်မတော်ပြိုကွဲမည်ကို စိုးရိမ်နေကြောင်း အထင်အရှား တွေ့ရပါသည်။ NLD နှင့် တစည ကွဲနေခြင်းသည် တပ်မတော်ပြိုကွဲခြင်း၏ ပြရုပ်ဟု ဆိုထား ပါသည်။ ကျွန်တော်တို့ သဘောတူပါသည်။ ၄၈ – ၄၉ ကလည်း ဤသို့ပင်

အခြေခံထားပါသည်။ ထို့ကြောင့် ကွန်မြူနစ်ပါတီက ဝင်မပြောခဲ့ပါ။ **NLD - SPDC** ကျိတ်ဝိုင်း စကားပြောပွဲကို (ဗကပ) က ဖျက်လိမ့်မည်ဟူသော ကောလာဟလကြားရ၍ ဒုတိယအကြိမ် ထုတ်ပြန်ချက်ကို ထုတ်ခဲ့ပါသည်။ **NLD** သော်လည်းကောင်း၊ နိုင်ငံရေး အင်အားစုများသည်လည်းကောင်း မိမိဘာသာမိမိ လွတ်လွတ်လပ်လပ်ဆုံးဖြတ် လုပ်ဆောင် နိုင်သော နိုင်ငံရေးပါတီများ ဖြစ်ပါသည်။ (ဗကပ) က **NLD - SPDC** ကြားတွင် ဖျက်လိုဖျက်ဆီး လုပ်မည်မဟုတ်ပါ။ သူတို့ကိစ္စ သူတို့ပြောကြခြင်းကို နားစွန်နားဖျား သတင်းကြားရုံနှင့် ဝေဖန်ချက်ပေးမည် မဟုတ်ပါ။ **NLD** နှင့် **SPDC** ပြေလည်လျှင် အကောင်းဆုံး ဖြစ်ပါသည်။ အကောင်းဆုံးကို မျှော်လင့်ဆဲ ဖြစ်ပါသည်။

အရှေ့တောင်အာရှကို အရှေ့ဥရောပနှင့်လည်းကောင်း၊ ဘော်လ်ကန်နိုင်ငံများနှင့် လည်းကောင်း တထပ်တည်းထားပြီး စဉ်းစားလုပ်ဆောင်နေသောအမေရိကန် ရှိနေပါသည်။ ဥရောပနှင့်အာရှ မတူပါ။ အရှေ့ဥရောပတို့၊ ဘော်လ်ကန်တို့နှင့် အရှေ့တောင်အာရှ မတူပါ။ ဤသည်ကို အမေရိကန် မသိပါ။

အရှေ့ဥရောပနိုင်ငံများ၊ ဘော်လ်ကန်နိုင်ငံများ၏ သမိုင်းကြောင်း ပြန်ကြည့်ပါ။ ရုရှအင်ပါယာ၊ အော်တိုမန်အင်ပါယာ၊ ဩစထရီ ဟန်ဂေရီအင်ပါယာ၊ ပရပ်ရှားအင်ပါယာ၊ ပြင်သစ်အင်ပါယာတို့ တလှည့်စီသိမ်းပိုက်ခံရသောနိုင်ငံများ ဖြစ်ပါသည်။

အရှေ့တောင်အာရှမှာ ထိုသို့သော အတွေ့အကြုံ မရှိပါ။ ရှိသည့်အတွေ့အကြုံမှာ ခေတ်သစ်အတွေ့အကြုံ ဖြစ်ပါသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ စပိန်၊ အမေရိကန်၊ ဒတ်ချ်၊ ဂျပန်တို့၏ ကိုလိုနီကျွန်ပြုခံရသည့် အတွေ့အကြုံများ ဖြစ်ပါသည်။ အာရှမှ ဂျပန်တနိုင်ငံတည်းသာ ပါသည်ကို သတိပြုပါ။ သိပ်လည်းကြာကြာ ကျွန်ပြုခွင့် ရမသွားပါ။

ဤမတူညီမှုသည် အခရာအကျဆုံး မတူညီမှု ဖြစ်ပါသည်။ ၂၁ ရာစုတွင် နောက်တဖန် ကျွန်ပြုမခံရရေးအတွက်ပါ (ဗကပ) က စဉ်းစားပြီး **NLD - SPDC** ဆွေးနွေးပွဲ အောင်မြင် စေလိုခြင်း ဖြစ်ပါသည်။ ကာယကံရှင်များ ကျေနပ်လျှင် ပြီးပါသည်။ (ဗကပ) က ဝင်ရှုပ်မည် မဟုတ်ပါ။

ထိုင်း ဗမာ အရေးတွင် တတိယ ထုတ်ပြန်ချက် ထုတ်ရပါသည်။ ဤသည်မှာလည်း **NLD - SPDC** ဆွေးနွေးပွဲ လမ်းချော်မသွားစေလို၍ ဖြစ်ပါသည်။

ထိုင်း ဗမာအရေး ပေါ်ခြင်းမှာ စတုတ္ထမျိုးဆက် စစ်အုပ်စုလောင်းလျာများ၏ ဖန်တီးမှု ဖြစ်ပါသည်။ သဘာဝကျကျ ဖြစ်လာသည့်အရေး မဟုတ်ပါ။ သဘာဝကျကျ

***'ပြည်ချစ်ဝါဒ' ဖြင့် တိုင်းပြည်၏အဆင့်နေရာ မြင့်တက်စေရမည်။***



– အမေရိကန်ရဲ့ တန်ဖိုးထားချက်ဟာ အားလုံးရဲ့တန်ဖိုးထားချက်ပဲ။ အမေရိကန်ရဲ့ စစ်အင်အားဟာ ကမ္ဘာ့ငြိမ်းချမ်းရေး တည်ငြိမ်ရေးအတွက် တခုတည်းသော အာမခံချက် ဖြစ်တယ်။

– အင်အားနည်းတဲ့ နိုင်ငံတွေက အင်အားကြီးတဲ့နိုင်ငံတွေထက် ပိုပြီးခေါင်းမာလေ့ ရှိတယ်။ သူတို့ရှုံးရင် အရာရာရှုံးမှာမို့ပဲ။

– အိန္ဒိယကို တရုတ်ကထည့်တွက်သလို အမေရိကန်ကလည်း ထည့်တွက်ရမယ်။ သူက အင်အားကြီးနိုင်ငံတော့ မဖြစ်သေးဘူး။ တနေ့ဖြစ်လာနိုင်တယ်။

– လူ့အခွင့်အရေးအတွက် တပါးတိုင်းပြည်ကို ဝင်ရောက်စွက်ဖက်တန် စွက်ဖက်ရမှာပဲ။ ဝင်ရောက်စွက်ဖက်ဖို့ အမေရိကန်မှာ တာဝန်ရှိတယ်။

နောက်တယောက်ဇိုးလစ်က မော်ဒန်ရီပတ်ဘလစ်ပါတီဆိုတဲ့ အသုံးအနှုန်း သုံးတယ်။ မော်ဒန်ရီပတ်ဘလစ်ပါတီရဲ့ နိုင်ငံခြားရေးမူ (၅) ချက်ဆိုပြီး ရေးတယ်။

မူ(၅) ချက်က –

(၁) အမေရိကန်ရဲ့ 'အမျိုးသားအကျိုးစီးပွား' အတွက်လုပ်ဖို့ ရှက်မနေနဲ့။ အင်အားချက်ချင်းသုံးဖို့လည်း မရှက်နဲ့။ တခြားတိုင်းပြည်တွေ ဘယ်လိုယူဆကြမယ်ဆိုတာ တွေးပြီး မလုပ်ရဲမကိုင်ရဲ မဖြစ်နဲ့။ တခြားတိုင်းပြည်တွေရဲ့ အခန်းက အမေရိကန်နဲ့တူတာ မဟုတ်ဘူး။

(၂) မဟာမိတ်ဖွဲ့ရမယ်။ ဒါပေမဲ့ မဟာမိတ်တွေကလည်း သူတို့တာဝန်ကျေကြရမယ်။ တာဝန်ကျေသူရဲ့ အမြင်ကိုမှ အမေရိကန်က လေးစားမယ်။

(၃) နိုင်ငံတကာဥပဒေဆိုတာ ပြည်တွင်းဥပဒေနဲ့ မတူဘူး။ နိုင်ငံတကာဥပဒေဆိုတာက သဘောတူပြီးသား လုပ်ပြီးသားကိစ္စကို နောက်မှ စာနဲ့ရေးရတာပဲ။ နိုင်ငံတကာဥပဒေကို အင်အားနဲ့သာ အကောင်အထည် ဖော်နိုင်တယ်။ ကိစ္စတိုင်း နိုင်ငံတကာနဲ့ ညှိစရာ မလိုဘူး။

(၄) သတင်းတွေ၊ ဆက်သွယ်ရေးတွေ၊ ကုန်သွယ်ရေးတွေ၊ ဘဏ္ဍာရေးတွေမှာ တော်လှန်ပြောင်းလဲနေပြီ။ အဲဒီဟာတွေက ကမ္ဘာ့နိုင်ငံရေးနဲ့ လုံခြုံရေးကို ပုံဖော်ကြလိမ့်မယ်။ သူတို့ကို အားပေးရမယ်။ တွေးခေါ်မှုတွေ၊ ဈေးကွက်တွေ ဖွင့်ပေးရမယ်။

(၅) ကမ္ဘာမှာ မကောင်းဆိုးဝါးတွေ ရှိနေတယ်။ အမေရိကရဲ့ရပ်တည်ချက်နဲ့ အယူအဆတွေကို မုန်းသူတွေ ရှိနေတယ်။ ဒါကြောင့် သတိရှိရမယ်။ အင်အားကြီးအောင် လုပ်ပြီး သူတို့ကို အနိုင်ယူရမယ်။

သမ္မတဘုရှ်သည် ဤရေးသားချက်များကို အကောင်အထည်ဖော်လိုဟန် ရှိပါသည်။ ထို့ကြောင့် **NMD** (အမျိုးသား ဒုံးပျံကာကွယ်ရေး) အစီအစဉ် ချပါသည်။ ကျိုတိုသဘော တူညီချက်ကို တဖက်သတ်ဖျက်ပါသည်။

အပြောအဆိုကတော့ သူ့အကြံပေးတွေလို မကြမ်းဝံ့ပါ။ ယက်ကန်ယက်ကန်နှင့် သမ္မတဖြစ်လာသူက ထိုသို့အပြောမကြမ်းနိုင်ပါ။ အပြတ်အသတ် နိုင်လာလျှင်ကား ကြမ်းပေလိမ့်မည်။

"NMD နှင့် ကျိုတို" ကို ကိုင်လိုက်သောအခါ ရုရှားနှင့်တရုတ်က ဆန့်ကျင်ပါသည်။ အမာခံမဟာမိတ်များက မကြိုဆိုပါ။ ဆန့်ကျင်သူတောင် ရှိပါသည်။ ဂျပန်ကပင် အင်တင်တင် လက်ခံပါသည်။ အိန္ဒိယကတော့ အမေရိကန်က ပထမဆုံးအရေးတယူလုပ်ရှင်းပြသဖြင့် ကျေနပ်ပါသည်။ သူ့၏အကြံအစည်အတွက် အကျိုးရှိ၍လည်း NMD ကို လိုလားသည့်သဘော ပြောပါသည်။

ရုရှားနှင့် တရုတ်ကဆန့်ကျင်မည်ဟု ကြိုတွက်ပြီးဖြစ်သဖြင့် သမ္မတဘုရှ် မအံ့ဩပါ။ သို့သော် မဟာမိတ်များ၏ရပ်တည်ချက် သိရသောအခါ အံ့ဩပုံပေါ်ပါသည်။ ယခုထိရှင်းလင်းမဆုံး ဖြစ်နေရပါသည်။

အမေရိကန်၏ ဂျူနီယာပါတနာ (junior partner) ဟု သူ့ကိုယ်သူပြောသော အင်္ဂလိပ်ကပင် ခါတိုင်းလို လိုက်လှဲမှု မရှိပါ။ ဥရောပသမဂ္ဂ (EU) နှင့်လည်း မကင်းနိုင်၊ အမေရိကန်နောက်လည်းလိုက်ချင် စိတ်ဒွိဟဖြစ်နေပုံ ပေါ်ပါသည်။

အမေရိကန်ကို ဝင်ရိုးပြု၍ တကမ္ဘာလုံးက လည်ပတ်ရမည်ဟူသော အတွေးအခေါ်သည် အမေရိကန် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများ၏ အတွေးအခေါ် ဖြစ်ပါသည်။ ထို့ကြောင့် အဓိကပါတီကြီးနှစ်ခု၏ အတွေးအခေါ်လည်း ဖြစ်နေရပါသည်။

ဝင်ရိုးတခုတည်းရှိသော ကမ္ဘာ့စနစ်လော၊ ဝင်ရိုးအများရှိသော ကမ္ဘာ့စနစ်လော ဆိုသည့် ပြဿနာသည် ယနေ့အဓိကပြဿနာ ဖြစ်ပါသည်။ မည်သည့်ဘက်ကမှလည်း အလျှော့ပေးကြမည် မဟုတ်ပါ။ "အမျိုးသားအကျိုးစီးပွား" ချင်းထိပ်တိုက်တွေ့နေသည့် ပြဿနာဖြစ်၍ ကျယ်ပြန့်ပြင်းထန်လာမည် ဖြစ်ပါသည်။

ဝင်ရိုးတခုနှင့် ဝင်ရိုးအများလွန်ပွဲသည် မျက်မှောက်နိုင်ငံတကာ့အခြေအနေကို ဖန်တီးနေပါလိမ့်မည်။

ယနေ့အထိ အခြေအနေကို ( အပြောမကြည့်ဘဲ အလုပ်ကိုကြည့်၍ ) သုံးသပ်လျှင် အဆိုးဆုံးအခြေအနေသို့လည်း ရောက်မသွားနိုင်၊ အကောင်းဘက်သို့လည်း ရွေ့လျားမသွားဘဲ ဖြစ်နေလိမ့်မည်ဟု ခန့်မှန်းရပါသည်။

အဆိုးဆုံးဆိုသည်မှာ စစ်ပွဲဖြစ်ပြီး၊ အကောင်းဘက်ဆိုသည်မှာ ဝင်ရိုးအများရှိသော စနစ်ကို အမေရိကန်က လက်ခံလိုက်ခြင်းကို ဆိုလိုပါသည်။

ကမ္ဘာ့စနစ် အတည်တကျ မဖြစ်သေးသမျှ ကုလသမဂ္ဂပြုပြင်ရေးကိစ္စသည်လည်း ထစ်နေပါလိမ့်မည်။

၁၉၄၅ ခုနှစ်က စစ်နိုင်သူများချမှတ်ထားသော ကမ္ဘာ့ကုလသမဂ္ဂ ဖွဲ့စည်းပုံကို



ယခုကျင်းပလျှင် အာဏာပိုင်က စစ်အစိုးရတဦးတည်း ဖြစ်ပါလိမ့်မည်။ NLD လည်း အာဏာမဲ့၊ လူမျိုးစုများလည်း အာဏာမဲ့ဖြစ်ပါသည်။ လူမျိုးစုကို ကိုယ်စားပြုသူများလည်း အလွန်များပါလိမ့်မည်။ ဥပမာ ကချင်လူမျိုးကိုယ်စားပြုသူအဖြစ် တက်မည်ဆိုလျှင် ကချင် "ငြိမ်းအဖွဲ့" သုံးဖွဲ့ရှိသည်။ မြို့ပေါ်တွင် ကချင်အဖွဲ့များ ရှိသေးသည်။ ၁၉၄၇ တုန်းကကဲ့သို့ ဆမားဒူးဝါးတို့လို မဟုတ်နိုင်ပါ။ အခြားလူမျိုးများလည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။

လူမျိုးလိုက် ကိုယ်စားပြုတက်မည့်သူ များပြားသည့်အပြင် အားလုံးကလည်း အာဏာမဲ့များ ဖြစ်ပါသည်။ ထို့ကြောင့် သုံးပွင့်ဆိုင်ကို အနှစ်သာရရှိရှိ ကျင်းပနိုင်ရန် အာဏာပြဿနာကို စတင်၍ကိုင်ကြရမည်ဟု ကွန်မြူနစ်များက ထင်ပါသည်။ အာဏာပြဿနာကို ပြောခွင့်ရှိသူမှာ NLD သာ ဖြစ်ပါသည်။ အနည်းဆုံးအားဖြင့် NLD သည် အာဏာအဝန်းအဝိုင်းတွင်း ရှိနေရပါမည်။ လုံးဝအာဏာရနေလျှင် အကောင်းဆုံး ဖြစ်ပါသည်။

လူမျိုးစုများတွင် ဗမာလူမျိုးနှင့်ပတ်သက်သည့် သဘာဝကျသော အစွဲအလန်း ရှိကြပါသည်။ မည်မျှပင် သဘာဝကျပါစေ၊ အစွဲအလန်းနှင့် နိုင်ငံရေး (သို့မဟုတ်) တော်လှန်ရေးလုပ်လျှင် ပြည့်စုံမည် မဟုတ်ပါ။ မှားသွားခြင်းတောင် ဖြစ်နိုင်ပါသည်။

အစွဲအလန်းမှာ ဗမာတွေချင်း ရန်ဖြစ်နေခိုက် သုံးပွင့်ဆိုင်လျှင် လူမျိုးစုများအတွက် ကြိုက်ဈေးရနိုင်သည်ဟုထင်ခြင်း ဖြစ်ပါသည်။ သုံးပွင့်ဆိုင်၏အခြေခံမှာ ဆွေးနွေးရေး ဖြစ်ပါသည်။ စစ်တိုက်ရေး မဟုတ်ပါ။ စစ်တိုက်လျှင် ထိုနည်းလမ်း အသုံးဝင်ချင်ဝင်မည် ဖြစ်သော်လည်း နိုင်ငံရေးဆွေးနွေးလျှင် အသုံးမတည့်ပါ။ စစ်အစိုးရက တဦးတည်းအာဏာကိုင်ထားလျှင် အတုပေါင်းမြောက်မြားစွာ လုပ်နိုင်ပါသည်။ အမျိုးသားညီလာခံအတု၊ ပါတီစုံအတုအပြင် သုံးပွင့်ဆိုင်အတုတခု ထပ်မံပေါ်ခြင်းသာ ဖြစ်ပါလိမ့်မည်။

ငှါရန်သူရဲ့ ရန်သူဟာ ငှါမိတ်ဆွေဆိုသည်မှာလည်း စစ်ရေးပုံသေနည်း ဖြစ်ပါသည်။ နိုင်ငံရေးတွင်သုံးမိပါက အလွန်မှားသွားနိုင်ပါသည်။ အင်္ဂလိပ်နှင့် ဖဆပလ ရန်ဖြစ်နေတုန်းက တမျိုး၊ ဖဆပလနှင့်အင်္ဂလိပ် ပေါင်းသွားသောအခါတမျိုး ဖြစ်တတ်ပါသည်။ မိမိတွင် ရည်မှန်းချက်ပန်းတိုင် မရှိသလို ဖြစ်တတ်ပါသည်။

ကွန်မြူနစ်များသည် တိုင်းပြည်နှင့်ပြည်သူကို အကျိုးမပြုလျှင် မည်သည့်အရာမျှ မလုပ်လိုပါ။

'ပန်းကန်ဆိုင်ထဲမှာ နွားသိုးဝင်မွှေ' သည့် ဥပမာပေးသူသည် ဗမာပြည်သား မဟုတ်ပါ။ သူ့ပန်းကန်ကွဲမည် မဟုတ်ပါ။ ဗမာပြည်မှ လူမျိုးစုံပြည်သူတွေ၏ ပန်းကန်တွေသာ ကွဲပါလိမ့်မည်။ ထိုင်းနှင့် ဗမာပြည် စစ်ဖြစ်လျှင် နယ်စပ်မှပန်းကန်များသာ ကွဲပါလိမ့်မည်။

ခြေလှမ်းသုံးလှမ်းပေါ်လစီမှာ ကာယကံရှင်များသာ ကိုယ့်ကိစ္စကိုယ်ပြောရေးကို

ကိုင်ဖက်များကိုထားရန် အကြံပြုခဲ့သည်။ ဗိုလ်မှူးအောင်နှင့် လုပ်ဖော်ကိုင်ဖက်များမှာ နိုင်ငံရေးပါတီများမှ ဖြစ်သည်။ နိုင်ငံရေးအကြံကောင်းများ ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ တစည သည်လည်း ဆန္ဒရှိလျှင် အကြံပေးအဖွဲ့တွင် ပါသင့်သည်။ ဗိုလ်အောင်ကြီးလည်း ပါသင့်သည်။ အသက်ကြီး၍ စစ်တန်းလျား ပြန်မသွားနိုင်သော **SLORC. SPDC** အဖွဲ့ဝင်များသည်လည်း စစ်တပ်မှအနားယူပြီးလျှင် ဆန္ဒလည်းရှိပါက အကြံပေးအဖွဲ့ဝင် လုပ်သင့်သည်။ အကြံပေးအဖွဲ့တွင် များများပါနိုင်လေကောင်းလေ ဖြစ်၏။

အာဏာပိုင်ဖြစ်သည့် အစိုးရအဖွဲ့၊ လွှတ်တော်တို့တွင်ကား ပြည်သူက ရွေးကောက်သူများသာ ပါသင့်ပါသည်။ စစ်တပ်က ၂၅% ဖြစ်စေ၊ ၁၀% ဖြစ်စေ မယူသင့်ပါ။ ရာနှုန်းပြည့် ပြည်သူက ရွေးကောက်သူများသာ ပါသင့်သည်။

ခြေလှမ်းသုံးလှမ်းတွင် ပထမခြေလှမ်းတွင် ဒီမိုကရေစီအခြေခံရ၊ ဒုတိယခြေလှမ်းတွင် တန်းတူသွေးစည်းသော ပြည်ထောင်စု အခြေခံ၏အစပြုမှုကို ရပြီး၊ တတိယခြေလှမ်းတွင် အမျိုးသားညီညွတ်ရေးနှင့် ပြည်ထောင်စုစစ်စစ် ဖော်ထုတ်ရေးအတွက်မူများ ရလိမ့်မည်ဟု မျှော်လင့်ပါသည်။ ၂၁ ရာစုကို တိုးဝင်ရာတွင် စစ်အာဏာရှင်စနစ်ပုံစံဖြင့် တိုးဝင်လျှင် အန္တရာယ် များလှပါသည်။

စစ်အေးခေတ်နှင့် မတူတော့သည်ကို သတိပြုသင့်ကြပါသည်။ စစ်အေးလွန်ခေတ်၏ ပျားရည်ဆမ်းအချိန်လည်း ကုန်ခဲ့ပါပြီ။ မလည်ရှုပ် လုပ်ကြလျှင် ကြားညှပ်ခံရပါလိမ့်မည်။

ခြေလှမ်းသုံးလှမ်းပေါ်လစီသည် အနှစ်သာရရှိသော သုံးပွင့်ဆိုင်ဖြစ်ရေးကို ဦးတည်ချက် ထားပါသည်။ အနှစ်သာရမဲ့သော သုံးပွင့်ဆိုင်သည် အတုအယောင်သုံးပွင့်ဆိုင်သာ ဖြစ်မည်ကို သတိပြုသင့်ပါသည်။

ပင်လုံအစည်းအဝေးပွဲမျိုးလုပ်ရေး ပြောကြသံကြားရပါသည်။ ၁၉၄၇ က ပင်လုံမှာ ဗမာပြည် လွတ်လပ်ရေးရရန် သေချာနေသောအချိန်၊ အာဏာပိုင်အင်္ဂလိပ်များ မုချ ထွက်သွားတော့မည့် အခြေအနေတွင် ကျင်းပခြင်း ဖြစ်ပါသည်။ (အိန္ဒိယကို လက်လွှတ်ရလျှင် အိန္ဒိယအရှေ့ဘက်ကို ထိန်းမထားနိုင်ပါ)

အစည်းအဝေးတက်သူများမှာ ဗမာပြည်ပြည်မတွင် အာဏာရနေသော ဗိုလ်အောင်ဆန်း ဖြစ်ပါသည်။ ရှမ်းပြည်မှ တက်သူများကလည်း အာဏာရှိစော်ဘွားများ ဖြစ်ပါသည်။ ( ပြည်သူများ အနည်းအကျဉ်းပါပါသည်။ ) ကချင်၊ ချင်းတို့မှ တက်သူများလည်း ဒူးဝါးများ၊ တောင်ပိုင်များ ဖြစ်ပါသည်။ ခြုံ၍ကြည့်လျှင် အာဏာရှိသူများ၏ အစည်းအဝေး ဖြစ်ပါသည်။ ဗိုလ်အောင်ဆန်းတွင်လည်းနိုင်ဖဲ ရှိပါသည်။ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံ၏ သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌ နေရာများ ပေးနိုင်သောအာဏာ ရှိနေပါသည်။ ဗိုလ်အောင်ဆန်းကိုယ်တိုင် မပေးလိုက်ရသော်လည်း ဦးနုက ပေးပါသည်။ ယူလည်းယူကြပါသည်။



ပြင်ဆင်ရန်အချိန်တန်ပြီဟု နိုင်ငံကြီးတွေ ပြောကြပါသည်။ သို့သော် ကမ္ဘာ့စနစ်သစ် အတည်တကျ မဖြစ်သေးသမျှ လက်တွေ့ပြုပြင်ရန် ခက်နေပါသည်။ မည်သည့်ကြီး ( ၅ ) ကြီးကမှလည်း ပြုပြင်ထားသောဖွဲ့စည်းပုံ တစုံလုံးမဆိုထားနှင့် ပြုပြင်ထားသောဖွဲ့စည်းပုံ တစိတ်တဒေသကိုပင် တင်ပြနိုင်ခြင်း မရှိပါ။ ဝင်ရိုးတခုလော၊ ဝင်ရိုးအများလောဆိုသည့် ပြဿနာ မပြေလည်သေးသမျှ လက်ရှိဖွဲ့စည်းပုံအတိုင်းပင် ရှိနေပါလိမ့်မည်။

အမေရိကန်က ကုလသမဂ္ဂ၏ ပြင်ဘက်ထွက်ပြီး ကိုဆိုဗိုပြဿနာကို နေတိုး **(NATO)** နာမည်နှင့် ဝင်ကိုင်ကြည့်ပါသည်။ နောက်ဆုံးတွင် ရုရှားပါ ပါလာရပြီး ကုလသမဂ္ဂတွင်း ပြန်ရောက်သွားပါသည်။ ကိုဆိုဗိုကိစ္စမှာ ဥရောပတွင်းကိစ္စဖြစ်၍ ဤသို့ လုပ်နိုင်ခြင်း ဖြစ်ပါသည်။ အခြားနေရာဆိုလျှင် လုပ်ဖို့ခက်ပေလိမ့်မည်။

**NMD** ကိစ္စနှင့် ကျိုတိုဆုံးဖြတ်ချက်ကိစ္စကြောင့် ကုလသမဂ္ဂ ရွေးကောက်ပွဲနှစ်ခု၌ အမေရိကန် ရှုံးရပါသည်။ အရှက်ရကြပါသည်။ အမေရိကန်လွှတ်တော်က ကုလသမဂ္ဂသို့ ထည့်ဝင်ရမည့်ငွေ (အကြွေး) မပေးဘဲနေရန်အထိ ပြောသံကြားရပါသည်။ အမတ်တယောက်ကမူ “စူပါပါဝါဆိုတာ ပေးစရာရှိတဲ့ကြွေး ပေးရတယ်။ စူပါပါဝါဆိုတာ မငိုရဘူး။ နောက်ဆုံးကျမှ တခွင်လုံး သိမ်းကြတာပေါ့” ဟု အားပေးစကားလိုလို ခြိမ်းခြောက်တာလိုလို ပြောပါသည်။

ဝင်ရိုးတခုတည်းရှိတဲ့ ကမ္ဘာ့စနစ်ဖြစ်မှ မင်းတို့သိမယ်ဟု မဲထည့်သူများကို ကြိမ်းသလား မပြောနိုင်ပါ။ တခွင်လုံးဆိုသည့်စကားက ကုလသမဂ္ဂကိုဆိုသလား၊ မဲနိုင်သွားသည့် ပြင်သစ်၊ ဩစတြီးယား၊ ဆွီဒင်ကို ဆိုသလား၊ ပြင်သစ်က ၅၃ ဦး မဲထည့်တာမှာ ၅၂ မဲ ရခဲ့သည့်အတွက် ပြင်သစ်ကိုပဲ ကြိမ်းသလား မပြောတတ်ပါ။

မည်သို့ပင်ဆိုစေ အမေရိကန်တဦးတည်း ဗိုလ်ကျနိုင်သည့်ခေတ် ရောက်ရမည်ဟု အမေရိကန် နိုင်ငံရေးသမားများက ယုံကြည်နေကြပါသည်။

အမေရိကန်လွှတ်တော်ကလည်း ကမ္ဘာ့လွှတ်တော်ကဲ့သို့ ပြုမူကျင့်ကြံနေကြပါသည်။

ဝင်ရိုးအများရှိသော ကမ္ဘာ့စနစ်ဘက်တွင်လည်း အားမသေးပါ။ ဤစနစ်က အသာစီးရပါက ကုလသမဂ္ဂ ပြုပြင်ရေးတွင် တစုံတရာ ဆုံးဖြတ်ချက်ကျနိုင်သော်လည်း ရှောရှောရှူရှူတော့ ဖြစ်မည့်ပုံ မရှိပါ။ အိန္ဒိယကတော့ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ကြီးတကြီးအဖြစ် ပါရမည်ဟု ထင်ပုံပေါ်ပါသည်။ ပါကစ္စတန်ကလက်ခံပါမည်လော။ ဂျပန်ပါလာလျှင် တောင်မြောက်ကိုရီးယားက ကျေနပ်မည်လော။ အာရှကိုကွက်၍ပြောခြင်း ဖြစ်ပါသည်။ အခြားထင်နေသည့် တိုင်းပြည်များ ကမ္ဘာအနှံ့ ရှိပါသည်။ ကျေနပ်သူ မကျေနပ်သူ ရှိပါလိမ့်မည်။

ဝင်ရိုးတခုတည်းရှိသော ကမ္ဘာ့စနစ် မည်သည့်အခါကမျှ မရှိခဲ့ပါ။ ရှိလည်းမရှိနိုင်ပါ။

အင်ပါယာများ ရှိခဲ့ဖူးပါသည်။ သို့သော် ကမ္ဘာတဝှမ်း လွှမ်းခြုံသောအင်ပါယာ မဟုတ်ပါ။

အင်္ဂလိပ်အင်ပါယာသည်၊ ကမ္ဘာအနှံ့ ကျယ်ပြန့်ပါသည်။ သို့သော် ကမ္ဘာ့အင်ပါယာ မဟုတ်ပါ။ အပြိုင်အဆိုင်အင်ပါယာများ ရှိပါသည်။ ကမ္ဘာစစ် ဖြစ်ရပါသည်။

အမေရိကန်စိတ်ကူးနေသောပုံစံသည် ကမ္ဘာတခုလုံး မတည်ငြိမ်မှုကိုသာ ဖြစ်စေပါလိမ့်မည်။ NMD လုပ်ထား၊ ခေါင်းထောင်ထသူကို အပြတ်နှိမ်၊ ကမ္ဘာ့ပုလိပ်ကြီးလုပ် ဤစိတ်ကူး အလုပ်ဖြစ်ပါမည်လော။

NMD ကို အမေရိကန်အသံ (VOA) က ဘာသာပြန်သည်မှာ 'ဒိုင်းလွှာ' ဟု ပြန်ပါသည်။ မဆိုးပါ။ ဒိုင်းကောင်းလျှင် လှံကောင်းလာစမြဲ။ မထိုးဖောက်နိုင်သောဒိုင်း ရှိမည်မဟုတ်ပါ။

တခုပဲ ရှိသည်။ ကမ္ဘာပေါ်တွင် နိုင်ငံအငယ်နှင့် အသေးချည်း ရှိမည်ဆိုလျှင် မထိုးဖောက်နိုင်သောဒိုင်း ဖြစ်နိုင်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၂၀၀၀ ရှိရေး အပြောအဆိုများ ကြားရသည်မှာ ဤစိတ်ကူးကြောင့် ဖြစ်မည်။

NMD မှာ ဝင်ရိုးတခုတည်းရှိသော ကမ္ဘာ့စနစ် ထူထောင်ရေးအတွက် လှမ်းသော ပထမဆုံးခြေလှမ်း ဖြစ်သည်။

NMD မှာ အာကာသတက်မည့်၊ ငွေအလွန်ကုန်မည့်စီမံကိန်း ဖြစ်သည်။ လောလောဆယ်တွင် အမေရိကန်တဦးတည်းသာ တတ်နိုင်သည်။ ရုရှားမှာ ယခင်ကလို စိန်ခေါ်လျှင် တိမ်ပေါ်အထိမလိုက်နိုင်၊ အတတ်ပညာ ယှဉ်နိုင်သော်လည်း ငွေမတတ်နိုင်။ ဥရောပသမဂ္ဂ (EU) မှာ အတတ်ပညာလည်းရှိ၊ ငွေလည်းရှိသည်။ သို့သော် နိုင်ငံအများ ညှိပြီး လုပ်ရမည်။ ညှိရလွယ်မည် မဟုတ်။ တရုတ်မှာ အတတ်ပညာက အာကာသတက်စ၊ ငွေကြေးအခြေခံ မတတ်နိုင်သေး။ ဂျပန်က အတတ်ပညာ၊ ငွေကြေး လုပ်မည်ဆိုလျှင် တတ်နိုင်သည်။ သို့သော် လူထုကစစ်ကို နာကျည်းနေသည်။ အမေရိကန် ပြည်သိမ်းတပ် ရေးဆွဲပေးထားသည့် အခြေခံဥပဒေ၏ အကန့်အသတ်လည်း ရှိသည်။ အချိန်အများကြီး ယူရလိမ့်မည်။ အမေရိကန်နှင့် အတိုက်အခံလုပ်ဖို့လည်း မလွယ်လှ။ အမေရိကန်က ဂျပန်ကို NMD ၏လက်အောက်ခံ TMD "တာလတ်တာတို ဒုံးပျံကာကွယ်ရေး" လောက်ပဲ လုပ်စေချင်သည်။ အာကာသတက်စရာ မလိုသည့် ကာကွယ်ရေးစနစ် ဖြစ်သည်။

အာကာသတက် လက်နက်တပ်ဆင်နိုင်လျှင် ကမ္ဘာကြီးအပေါ် ဗိုလ်လုပ်၍ရပြီ။

ဤကား NMD ၏စိတ်ကူး။ ထို့ကြောင့် စစ်အေးခေတ် ABM (ဒုံးခွင်းဒုံးကန့်သတ်ရေး) စာချုပ်ကို ဖျက်ချင်သည်။ ABM ရှိလျှင် NMD လုပ်မရ။

ABM ကို ရုရှားက အဖျက်မခံချင်။ ရုရှားအနီး ကပ်နေရသော EU ကလည်း အင်အားချိန်ခွင်လျှာ ပျက်မှာစိုးသည်။ တရုတ်ကလည်း ချိန်ခွင်လျှာ အပျက်မခံနိုင်။ ဤသို့ဖြင့် 'အမျိုးသား အကျိုးစီးပွား' ချင်း ပဋိပက္ခဖြစ်နေကြသည်။



ယာယီပါဟုပြောပြီး အာဏာယူခဲ့သည်မှာ မဆလ စစ်အုပ်စု၏သက်တမ်း (၂၆) နှစ်၏တဝက် ရှိနေပြီ။ မာရသွန် ကျိတ်ဝိုင်းစကားပြောခြင်းကလည်း မပြီးသေး။

စတုတ္ထ စစ်အုပ်စု လောင်းလျာများကလည်း NLD ကို အလျှော့ပေးပြီး ပြေလည်သွားလျှင် သူတို့အလှည့် (အစိုးရလုပ်ဖို့အလှည့်) မရလိုက်မှာ စိုးရိမ်သည်။ ပြဿနာမကြီးကြီးအောင်ချဲ့သော အမေရိကန်ကလည်း ရှိနေသည်။ မပြီးဆုံးသေးသော ထိုင်း ဗမာ အုပ်စိုးသူချင်း ပဋိပက္ခကရှိနေဆဲ ဖြစ်သည်။ စစ်အစိုးရနှင့် နားလည်မှုရထားသော "ငြိမ်းအဖွဲ့" နှင့် စစ်အစိုးရ၏ကာကွယ်ရေး ခွန်ဆာအဖွဲ့မှ လက်ကျန်အင်အားစုတို့၏ 'ဘိန်းစစ်ပွဲ' ကလည်း တငွေ့ငွေ့လောင်နေဆဲ။ ထို့ကြောင့် ဗမာပြည်ပြည်သူများအနေနှင့် သတိရှိရပါမည်။ အချိန်မရွေး ထပ်၍ ရန်ဖြစ်နိုင်ပါသည်။ တိုင်းပြည်အတွက် အကျိုးမဲ့သောစစ်ကို ကွန်မြူနစ်တို့မည်သည့်အခါမျှ တိုက်မည်မဟုတ်။ တိုင်းပြည်အကျိုးအတွက် တိုက်ဖို့လိုလျှင်လည်း မည်မျှအင်အားကြီးသော ရန်သူကိုဖြစ်စေ တိုက်မည်။ ဤကား ကွန်မြူနစ်တို့၏ "ပြည်ချစ်ဝါဒ" ဖြစ်သည်။

တတိယ စစ်အုပ်စု ( SLORC. SPDC ) သည် သူတို့လက်ထက်တွင် ငြိမ်းချမ်းရေး ရပြီဟု ဝါဒဖြန့်သည်။ သို့သော် တကယ့်ငြိမ်းချမ်းရေးမဟုတ်ကြောင်း သူတို့လည်းသိ၊ တတိုင်းပြည်လုံးလည်း သိသည်။ ကြခတ်ဝိုင်းဆရာတော်ကလည်း သိသည်။ ထို့ကြောင့် မေတ္တာရပ်ခံချက်သြဝါဒ ထုတ်ပြန်ခြင်း ဖြစ်သည်။

ထိုင်း ဗမာ အရေး ပြင်းထန်ဆဲကာလက နယ်စပ်တွင် သူတို့သြဇာ မရှိပါဟု စစ်အစိုးရက ဝန်ခံခြင်းမှာ ထိုင်းကိုလိမ်ညာလို၍ မဟုတ်၊ အမှန်သြဇာမရှိ၍ ဖြစ်သည်။

"ငြိမ်းအဖွဲ့" များအားလုံး နိုင်ငံရေးစကားတခါမျှ စစ်အစိုးရနှင့် မပြောရသေးပါ။ စစ်အစိုးရနှင့်သာ မပြောရခြင်းမဟုတ် သူတို့ချင်းပင် ဆွေးနွေးပြီး နိုင်ငံရေးသဘောပါသော ကြေညာချက် ထုတ်ခွင့်မပေး၊ ထုတ်လျှင် ချက်ချင်းတားဆီးခံရသည်။ CRPP ကိစ္စတွင် သဘောထားပေးမိ၍ နောက်မလုပ်ဖို့ ပြင်းပြင်းထန်ထန် ခြိမ်းခြောက်ကာ တားမြစ်သည်။ NLD - SPDC စကားပြောပွဲအကြောင်း ပူးတွဲကြေညာချက်ထုတ်သောအခါ နောင်မထုတ်ဖို့ တားမြစ်သည်။ ပြောစရာရှိလျှင် စစ်အစိုးရထံသာ စာရေးရမည်ဟု ဆိုသည်။

သူတို့ "ငြိမ်းအဖွဲ့" များ လုပ်နိုင်သည်မှာ စီးပွားရေးတချို့ပဲ ဖြစ်သည်။ ဒါလည်း အကန့်အသတ်မဲ့ မဟုတ်။ တချို့စီးပွားရေးလုပ်ငန်းများမှာ နာမည်ခံထားရခြင်းသာ ဖြစ်သည်။

ကွန်မြူနစ်ပါတီက ရဲဘော်ဟောင်း၊ မိတ်ဆွေဟောင်းများ နိုင်ငံရေးစကားပြောခွင့်ရစေချင်သည်။ ခြေလှမ်းသုံးလှမ်းပေါ်လစီတွင် ဒုတိယခြေလှမ်းအဖြစ် ရဲဘော်ဟောင်း၊ မိတ်ဆွေဟောင်းများပွဲထွက်ရန် စင်မြင့်ထိုးပေးနေခြင်း ဖြစ်သည်။

ပထမခြေလှမ်းတွင် တရားဝင်အကြံပေးအဖွဲ့အဖြစ် ဗိုလ်မှူးအောင်နှင့် လုပ်ဖော်

ကြောင်း အမေရိကန်ထွက်ပြီး ပြောထားပါသည်။

သူတို့သည် ဤကဲ့သို့သောစကားကို အချက်အလက်မရှိဘဲ ပြောကြမည် မဟုတ်ပါ။

သို့သော် တတိယစစ်အုပ်စုက ဗိုလ်အောင်ကြီး၊ ဗိုလ်သာကျော်တို့ မနာလို၍ ပြောခြင်း ဖြစ်သည်ဟု ထင်ပုံရသည်။ သူတို့လက်ထက်က မလုပ်နိုင်ခဲ့တာတွေ တို့ **SLORC. SPDC** က လုပ်နိုင်လို့ မနာလိုတာပဲဟု ထင်ရန်အကြောင်း ရှိပါသည်။

၁၉၈၈ ခုနှစ်တွင် အာဏာသိမ်းခဲ့သူများ ၁၉၈၉ တွင် စစ်အေးခေတ်ကုန်ဆုံးခြင်းနှင့် တိုးပါသည်။ ထိုအခါတွင် စစ်အေးခေတ် ပြီးဆုံးခြင်း၏ အကျိုးကျေးဇူးကို အလိုအလျောက် ခံစားရပါသည်။ "ငြိမ်းအဖွဲ့" ဟူသည်များ အလျှိုအလျှို ပေါ်ပါသည်။

အကျိုးကျေးဇူးနှင့်အတူ အန္တရာယ်လည်း ကပ်ပါခဲ့သည်ကိုတော့ သူတို့စစ်အုပ်စု သိခဲ့ပုံ မပေါ်ပါ။ အန္တရာယ်ကား စစ်အေးခေတ်တွင် အနိုင်ရလိုက်ပြီဟု ထင်ယောင်မှား နေသော အမေရိကန်နှင့် ထိပ်တိုက်တိုးရခြင်း ဖြစ်သည်။

စစ်အေးခေတ်အတွင်းက တရုတ်ပြည်မှာ အမေရိကန်နှင့် လက်တွဲဖက် ဖြစ်ခဲ့ သည်။ ၁၉၇၁ – ၇၂ တို့တွင် ကစ်ဆင်ဂျာ၊ နစ်ဆင်တို့ခရီးမှစခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ တရုတ် ကွန်မြူနစ်တို့က တရုတ်ပြည်ချစ်ဝါဒအရ လုပ်လိုက်ခြင်း ဖြစ်သည်။

၁၉၈၉ ရောက်သောအခါ ဆိုဗီယက်နှင့် အရှေ့ဥရောပတို့ ပြိုကွဲသကဲ့သို့ တရုတ်ပြည်က မပြိုကွဲခဲ့။ မူကြီး (၄) ချက်အပေါ် ကြံ့ကြံ့ခိုင် ရပ်တည်နေသည်။ မူကြီး (၄) ချက်မှာ – ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ချီတက်ရေး၊ ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ် ကျင့်သုံးရေး၊ ကွန်မြူနစ်ပါတီခေါင်းဆောင်မှုကို ထိန်းသိမ်းရေးနှင့် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် စွဲကိုင်ရေးတို့ ဖြစ်သည်။

ကွန်မြူနစ်ဝါဒအပေါ် အနိုင်ရလိုက်ပြီဟု အထင်ရောက်နေသော အမေရိကန် အတွက် ဤမူကြီး (၄) ချက်က မခံချိမခံသာ ဖြစ်စေသည်။ ကလင်တန်လက်ထက်က ချမှတ်ခဲ့ သည်များကို ဘုရှ်က ပျော့သည်ဟု ထင်လာသည်။ သေနင်္ဂဗျူဟာ ပြိုင်ဘက်ဟု ပြောလာ သည်။

ထိုင်း ဗမာ အရေးကို အကြောင်းပြကာ ဗမာပြည်ကို ကြားခံထား၍ တရုတ်နှင့် အားစမ်းသော စစ်ပွဲတပွဲ အမေရိကန်က နွှဲလိုက်ချင်သည်။ သို့သော် တရုတ်ပြည်က အမြော် အမြင် ရှိစွာဖြင့် ထိုင်း ဗမာ အရေးကို ပြေလည်ရာပြေလည်ကြောင်း ဖျောင်းဖျသည်။ ဤသို့ဖြင့် ပြဿနာပြေလည်သွားဟန် ရှိသည်။ မကြာမီက ထိုင်းဝန်ကြီးချုပ်၏ ဗမာပြည် ခရီးစဉ် ပေါ်လာသည်။ သို့သော် ထာဝရပြေလည်ရန် အတော်ကြာကြာ လုပ်ရလိမ့်မည်။

ထိုင်းရော ဗမာပါ နှစ်ဘက်တွင် စစ်အုပ်စုများရှိနေသည်။ ဗမာပြည်တွင် စစ်အုပ်စုက အာဏာရနေသည်။ သို့သော် စစ်အုပ်စု၏သက်တမ်းက ကုန်ဆုံးရတော့မည်။



ဗမာပြည်ကွန်မြူနစ်ပါတီက ဝင်ရိုးတခု ကမ္ဘာ့စနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစနစ်ကြောင့်

(က) အမေရိကန်၏ နိုင်ငံရေးအရ ဗိုလ်ကျလွှမ်းမိုးမှုကို ခံရမည်။

(ခ) အမေရိကန် လက်ဝါးကြီးအုပ်အရင်းရှင်များ၏ စီးပွားရေးအရလွှမ်းမိုးမှုကို ခံရမည်။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးရေးလမ်းကြောင်း ပိတ်သွားမည်။

(ဃ) "မတော်သူသေ တော်သူနေ" စနစ်ကြီး တရားဝင်ဖြစ်လာကာ ခေတ်နှင့်အမီ မလိုက်နိုင်သော နောက်အကျဆုံး နိုင်ငံများနှင့် လူမျိုးများ ကွယ်ပျောက်ကုန်မည်။

(င) မြေကမ္ဘာဂြိုဟ်ကို ထိန်းညှိထားသော သဘာဝစနစ်များ ပျက်စီးမည်။

ထိုစနစ်၏ အသေးစားနမူနာကို ယူဂိုဆလားဗီးယားနိုင်ငံဟောင်းတွင် ဖြစ်ပျက်နေ သည်များကို ကြည့်ကတွေ့နိုင်သည်။ လူမျိုးချင်းနှင့် နိုင်ငံငယ်ကလေး (မီနီစတိတ် **mini state**) များ အချင်းချင်း တကျက်ကျက်ရန်ဖြစ်နေကြသည်။ (ရန်ဖြစ်မှ ကမ္ဘာ့ပုလိပ်ကြီး အလုပ်ရှိမည်)

– စီးပွားရေးအရ လုံးဝနို့သက်ခံနေရသည်။ (ကမ္ဘာ့လက်ဝါးကြီးအုပ် အရင်းရှင်ကြီး များ စားကျက်တွေ့မည်)

– နေတိုးအဖွဲ့အတွင်းရေးမှူးက ကာယကံမြောက် "ဘုရင်ခံချုပ်" ဖြစ်နေသည်။ (ကိုလိုနီသစ်ပုံစံ ဖြစ်သည် )

– ရွေးကောက်ပွဲဆိုသည်များမှာ ဟန်ပြသက်သက်ဖြစ်နေသည်။ (ငွေကြေးဖြင့်၊ အာဏာဖြင့် ကိုယ့်လူမနိုင်နိုင်အောင် လုပ်နေသည်။)

ထိုကမ္ဘာ့စနစ်မျိုးသည် ဗမာပြည်အတွက် မည်သည့်ကောင်းကျိုးမှ ပေးမည် မဟုတ်ပါ။ ထို့ကြောင့် ဆန့်ကျင်ပါသည်။ ထိုစနစ် ကမ္ဘာမလွှမ်းစေရန် တားဆီးပါမည်။

အမေရိကန်အားကြီးသည်မှာ မှန်ပါသည်။ သို့သော် ကမ္ဘာတခုလုံးကို စိုးမိုးနိုင် ရန်ကား အင်အားအကန့်အသတ် ရှိပါသည်။ အမေရိကန်ကို စိန်ခေါ်သူများ စုစည်းမိ လာသောအခါ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး မုချပျက်စီးပါမည်။ ဒုတိယကမ္ဘာစစ်အပြီးမှ စ၍ ၅၅ နှစ်ကျော် တားဆီးနိုင်ခဲ့သည့် တတိယကမ္ဘာစစ် ဖြစ်ပါလိမ့်မည်။

ဝင်ရိုးအများရှိသော ကမ္ဘာ့စနစ်ကို ဗမာပြည်ကွန်မြူနစ်များ လိုလားပါသည်။

**ဝင်ရိုးအများ ကမ္ဘာ့စနစ်ဖြစ်စေ၊ ဝင်ရိုးတခုစနစ်ဖြစ်စေ ပြည်ချစ်ဝါဒဖြင့်သာ တိုင်းပြည်ကို ကာကွယ်နိုင်မည်။**

ကောင်းလွန်း၍ ခြောက်ပြစ်ကင်း၍ လိုလားခြင်းကား မဟုတ်ပါ။ ကောက်ကောက်ထဲမှ အဖြောင့်ရှာရာတွင် ခပ်ကွေးကွေးကို အဖြောင့်သဘောထားပြီး ရွေးရခြင်းဖြစ်ပါသည်။

လူလူချင်း၊ လူမျိုးချင်း ဖိနှိပ်ချယ်လှယ်သွေးစုပ်သည့်စနစ် မချုပ်ငြိမ်းသေးသမျှ၊ ကမ္ဘာ့ဆိုရှယ်လစ်တော်လှန်ရေး မအောင်မြင်သေးသမျှ ဤသို့ပင် ကောက်ကောက်ထဲမှ အဖြောင့်ရှာ၊ ခပ်ကွေးကွေးဟာ အဖြောင့်ပဲဟု သဘောထားနေရပါမည်။

ဤဝင်ရိုးအများစနစ်သည် ပထမကမ္ဘာစစ်မတိုင်မီက စနစ်မျိုးမဖြစ်စေဖို့ တကမ္ဘာလုံး သတိရှိရပါမည်။ ကမ္ဘာကိုခွဲဝေပြီး ကိုလိုနီအဖြစ် စိုးမိုးကြသောစနစ် ဖြစ်သွားပါက ကမ္ဘာစစ်ကို အသေအချာပြန်ဖြစ်စေပါလိမ့်မည်။

ဝင်ရိုးများအတွင်း ပဋိပက္ခများကား ရှိပါလိမ့်မည်။ ရှောင်လွှဲနိုင်မည် မဟုတ်ပါ။ သာမန်ဖြစ်ရိုးဖြစ်စဉ် ပဋိပက္ခကို ရန်ဘက်ပဋိပက္ခအဖြစ်သို့ တိုးပွားမသွားစေရန် ကမ္ဘာ့ပြည်သူများက သတိဖြင့်တားဆီးကြရပါမည်။

ဝင်ရိုးတွေ မည်သည့်နိုင်ငံများဖြစ်မည်ကို အတတ်မပြောနိုင်သော်လည်း ဝင်ရိုးအလောင်းအလျာများကိုကား တွေ့မြင်နေရပါသည်။ စီးပွားရေးအင်အား၊ လူဦးရေအင်အား၊ နိုင်ငံရေးအင်အား ရှိသူများသည် ဝင်ရိုးဖြစ်နိုင်ခြေရှိသူများ၊ ဝင်ရိုးဖြစ်ရန် မျှော်လင့်ချက်ရှိသူများ ဖြစ်ပါသည်။

ဝင်ရိုးတခုတည်းရှိသော ကမ္ဘာ့စနစ်ကို ဗမာပြည်ကွန်မြူနစ်များ မလိုလားသည့် အဓိကအကြောင်းတခု ရှိပါသည်။ ဤအဓိက အကြောင်းကို မတင်ပြလျှင် ပြည့်စုံမည် မဟုတ်ပါ။

အဓိကအကြောင်းမှာ ဗမာပြည်သည် အရှေ့တောင်အာရှ ဒေသကြီးအတွင်း ပါဝင်နေသော တိုင်းပြည်ဖြစ်ခြင်း၊ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံကြီးနှစ်ခု တရုတ်နှင့် အိန္ဒိယ အကြားတွင် တည်ရှိသောဒေသဖြစ်ခြင်းနှင့် ဗမာပြည်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု မရှိခြင်း ဖြစ်ပါသည်။

အရှေ့တောင်အာရှ၏ထူးခြားချက်မှာ –

– ပေါ်တူဂီ၊ စပိန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ အမေရိကန်တို့၏ ကိုလိုနီဖြစ်ခဲ့သော သမိုင်းရှိခြင်း။

– နယ်ချဲ့ပေါင်းစုံ စုစည်းမိသောနေရာဖြစ်ခဲ့ခြင်း။

– ဗီယက်နမ်စစ်ဖြစ်ခဲ့သောနေရာ၊ ဆီးတိုးအဖွဲ့ဌာနချုပ်ရှိသောနေရာ ဖြစ်ခဲ့ခြင်း။

– ကမ္ဘာ့အရှေ့ခြမ်းတွင် ရှားရှားပါးပါး ထူးထူးခြားခြားရှိနေသော လူဖြူနိုင်ငံ ဩစတြေးလျနှင့် ပထဝီအရ နီးကပ်နေခြင်းတို့ ဖြစ်သည်။

ဩစတြေးလျ၏အခန်းသည် ဝင်ရိုးတခုတည်းသာရှိသော ကမ္ဘာ့စနစ် ဖြစ်လာပါက အရှေ့တောင်အာရှတွင် အလွန်ပင်အရေးပါသော အခန်းက ပါလာလိမ့်မည်။ အရှေ့တီမော



ဖြစ်ပါသည်။

မဆလသာ ၁၉၇၄ – ၇၅ အုံကြွမှုကြောင့် ပြိုကျလျှင် ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့်၊ ဗိုလ်တင်ဦး တယောက်မှ တတိယမျိုးဆက် စစ်အုပ်စုဝင် ဖြစ်မလာနိုင်ပါ။ ထိုစဉ်က သူတို့မှာ စစ်တပ်၏ထိပ်ပိုင်း မရောက်ကြသေးပါ။ ၁၉၈၈ ကျမှ မဆလပြို၍၊ သူတို့လည်း ထိပ်သီးများဖြစ်နေ၍ ပါလာကြခြင်း ဖြစ်ပါသည်။

နောက်တခု အတိအကျနီးနီး ပြောနိုင်သည်မှာ စတုတ္ထစစ်အုပ်စုသည် ၁၉၆၂ ဒုတိယမျိုးဆက် စစ်အုပ်စုကဲ့သို့ လုပ်မှရမည်ဟု ပြောနိုင်ပါသည်။ ၁၉၆၂ စစ်အုပ်စုတွင် ဗိုလ်နေဝင်းနှင့် ဗိုလ်အောင်ကြီးသာ ပထမမျိုးဆက်ထဲမှ ပါလာပါသည်။ ကျန်လူများ လူသစ် ဖြစ်ပါသည်။ ယခုလည်း တတိယစစ်အုပ်စု ( SPDC ) ထဲမှ တယောက်နှစ်ယောက် စတုတ္ထ စစ်အုပ်စုတွင် ပါနေရပါလိမ့်မည်။

မည်သူတွေပါမည်နည်း။ ဗိုလ်နေဝင်းနေရာ တက်လာမည့် (နံပါတ်ဝမ်း) တဦး ဖြစ်ပါလိမ့်မည်။

နံပါတ်ဝမ်းကလည်း ဗိုလ်နေဝင်းလိုပင် အပြိုင်အဆိုင်များကို အပြတ်ရှင်းရပါလိမ့်မည်။ ဗိုလ်နေဝင်းလို နိုင်ငံရေးအရင်းအနှီးနှင့် နိုင်ငံရေးအမြီမရှိသူများဖြစ်ကြ၍ စစ်တပ်တွင်း မီးသေရန် ခက်ပါလိမ့်မည်။

ခပ်စောစောကပင် ကွန်မြူနစ်များတွင် တိုင်းပြည်အတွက် စိုးရိမ်မှုတခု ရှိဖူးပါသည်။ ထိုစိုးရိမ်မှုမှာ စစ်တပ်အာဏာသိမ်းပွဲနှင့် တန်ပြန်အာဏာသိမ်းပွဲများ၏ခေတ်၊ ဒေသန္တရ စစ်ဘုရင်များခေတ် တခေတ်ပေါ်လာလေမလားဟု စိုးရိမ်ခြင်း ဖြစ်ပါသည်။

NLD ကို အပြီးအပိုင်ဖျက်သိမ်းလိုက်ပြီဟုလည်းကောင်း၊ ၁၉၉၀ ရွေးကောက်ပွဲမှာ SLORC. SPDC တို့ လုပ်ခဲ့ခြင်းဖြစ်၍ စတုတ္ထစစ်အုပ်စုက တာဝန်မယူဟုလည်းကောင်း ကြေညာကာ အာဏာသိမ်းမည်ကို စိုးရိမ်ခြင်း ဖြစ်ပါသည်။

အတွေ့အကြုံများသော တစည စစ်ဗိုလ် (ငြိမ်း) များကမူ တိတိလင်းလင်းပင် ထိုသို့မလုပ်ရန် လျှို့ဝှက်မဟုတ်သော "လျှို့ဝှက်" ပေးစာဖြင့် ကန့်ကွက်ထားပါသည်။ တစည စစ်ဗိုလ် (ငြိမ်း) များမှာ ဒုတိယမျိုးဆက် စစ်အုပ်စုဝင်များ ဖြစ်ပါသည်။ သူတို့က တပ်ပြိုကွဲလိမ့်မည်ဟု ဟောကိန်းထုတ်ပါသည်။

ပ နှင့် ဒ စစ်အုပ်စုမျိုးဆက် ဗိုလ်အောင်ကြီးကလည်း တပ်အခြေအနေ မကောင်း

**အာဏာသိမ်းစစ်အစိုးရ ဆက်ရှိနေလျှင်**
**တိုင်းပြည်နာလိမ့်မည်။**
**တိုင်းပြည်ပြိုကွဲလိမ့်မည်။**

ရှိကြပါသည်။

၁၉၅၈ ပထမစစ်အုပ်စု၊ ၁၉၆၂ ဒုတိယစစ်အုပ်စု လက်ထက်တွင် နိုင်ငံတကာတွင် ဂယက်မထ၊ အိမ်နီးချင်းနှင့်လည်း ပြဿနာမပေါ်သည်မှာ စစ်အေးခေတ် ကမ္ဘာ့စနစ်ကြောင့် ဖြစ်ပါသည်။ အာဏာသိမ်းသည်ကို ဗွေမယူသည့်ခေတ် ဖြစ်ပါသည်။

စစ်တပ်က အာဏာသိမ်း၊ လူသတ်တဲ့ကိစ္စမျိုး ငိုဒင်ဇင် (၁၉၆၃)၊ အာယန်ဒေး (၁၉၇၃) တို့အပေါ် လုပ်ခဲ့ပါသည်။ အာဏာသိမ်းပြီး ထောင်ချသော ဗိုလ်နေဝင်းလုပ်ရပ်က သိမ်မွေ့သည်ဟု သဘောထားပါလိမ့်မည်။ မဆလ ဆိုရှယ်လစ်တော်လှန်ရေးကိုလည်း ဟန်ပြ အတုသာဖြစ်ကြောင်း အမေရိကန်သိပါလိမ့်မည်။ ဗီယက်နမ်စစ်တိုးချဲ့ရေးက အရေးကြီးနေ၍ ဗမာပြည်တွင် ဘာဖြစ်ဖြစ် ဂရုပြုမည် မဟုတ်ပါ။

တရုတ်ပြည်သို့ ကစ်ဆင်ဂျာ လျှို့ဝှက်ခရီး (၁၉၇၁)၊ နစ်ဆင်၏တရားဝင်ခရီး (၁၉၇၂) ပြီးသောအခါတွင်ကား ဗမာပြည်အရေးသည် အမေရိကန်အစီအစဉ်တွင် နောက်တန်းသို့ ရောက်သည်ထက် ရောက်သွားပါသည်။

၁၉၈၈ တတိယအာဏာသိမ်းပွဲတွင်ကား ဗမာပြည်အရေး ရှေ့တန်းသို့ ပြန်ရောက်လာသည်။ စစ်အေးခေတ် မှချပြီးဆုံးတော့မည့်အချိန်သို့ ရောက်ခဲ့ပြီး၊ ၁၉၈၉ တွင် လုံးဝပြီးဆုံးသွားခဲ့သည်။ အမေရိကန်၏ အစီအစဉ်တွင် ဗမာပြည်ကိစ္စက ရှေ့တန်းရောက်လာသည်။ သူ၏စဉ်းစားမှုသည်လည်း ၁၈၀ ဒီဂရီလှည့်သွားသည်။ ဗမာပြည်စစ်အစိုးရကို တရုတ်နောက်လိုက်အဖြစ် ပုံဖော်တော့သည်။ ထိုင်း– ဗမာ အရေးတွင် ထိုင်းနောက်က အမေရိကန်က ကူညီ၊ ဗမာပြည်စစ်အစိုးရနောက်တွင် တရုတ်ပြည်ကိုထားကာ ကြားခံကိုယ်စားလှယ်ဖြင့် တိုက်သောစစ် ဗမာပြည်ထဲတွင် နွှဲချင်သည်။ သို့သော် သူ့အကြံလူသိတာသာ အဖတ်တင်သည်။ စစ်တပွဲ မဖြစ်ခဲ့။

"ထိုင်း ဗမာ အရေး" မှာ ခါတော်မီဖန်တီးသည့် အရေးအခင်း ဖြစ်သည်။ အမေရိကန်က ဝင်အသုံးချလိုခြင်းသာ ဖြစ်သည်။ စတင်ဖန်တီးသူ မဟုတ်ပေ။

စတင်ဖန်တီးသူ မည်သူနည်း။ **NLD** နဲ့ **SPDC** အပေးအယူလုပ် စေ့စပ်သွားလျှင် တက်လမ်းပိတ်သွားမည်ကို စိုးရိမ်သော စတုတ္ထမျိုးဆက် စစ်အုပ်စုအဖြစ် ထွက်လာချင်သူများ ဖြစ်သည်။

**NLD** နဲ့ **SPDC** (တတိယမျိုးဆက် စစ်အုပ်စု) တို့က ဒီမိုကရေစီအခြေခံကို ချသွားခဲ့လျှင် စတုတ္ထမျိုးဆက်အတွက် စစ်အစိုးရတက်လုပ်ရန် အခွင့်အရေး ပိတ်သွားမည်ကို စိုးရိမ်ကြသည်။

စတုတ္ထမျိုးဆက် စစ်အုပ်စုဝင်များ မည်သူတွေ ဖြစ်သနည်း။ တာဝန်ထမ်းဆောင်ဆဲ ထိပ်ပိုင်းစစ်ဗိုလ်ကြီးများ ဖြစ်ကြသည်ဟုသာ ပြောနိုင်သည်။ ထို့ထက်တိတိကျကျ မပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စမျိုးသည် ကြုံကြိုက်တိုက်ဆိုင်မှုနှင့်ဆိုင်၍



ကိစ္စတွင် ဩစတြေးလျဝန်ကြီးချုပ်က ✳ ဩစတြေးလျသည် အမေရိကန် စေတလုံးရမြို့ဝန် (**sheriff** ) ၏ လက်ထောက်မြို့ဝန်အခန်းက ပါဝင်တာဝန်ထမ်းဆောင်ပါသည်ဟု ပြောခဲ့ဖူးပါသည်။ (ကမ္ဘာ့ရွာဟုဆိုကြသောကြောင့် **sheriff** ကို စေတလုံးရ ရွာသူကြီးဟု ဘာသာပြန်ရမလား မသိပါ )

ဩစတြေးလျသည် အမေရိကန်နှင့် အရှေ့ခြမ်းတွင် အရင်းနှီးဆုံး ဖြစ်ပါသည်။ အမေရိကန်တိုက်သမျှ စစ်တိုင်းတွင် အမြဲပါခဲ့ပါသည်။ လက်ရှိစစ်ရေးမဟာမိတ်လည်း ဖြစ်ပါသည်။ အရှေ့တောင်အာရှအရေးတွင် စိတ်ဝင်စားမှုလည်း အလွန်ရှိပါသည်။

ဗမာပြည်၏ နိုင်ငံရေးအကျပ်အတည်းတွင် သူကနည်းသစ်ဖြင့် ဝင်လာနေပါသည်။ "လူ့အခွင့်အရေးသင်တန်း" ဖြင့်ဝင်ပါသည်။ သူများလို "နိုင်ငံရေးအံတုမှု" ဖြင့် မဝင်ပါ။

စစ်အစိုးရကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံပါသည်။ အမေရိကန်နှင့် ရင်ကြားစေ့ရန် လမ်းကြောင်းတခု ပွင့်သည်ဟု ထင်ဟန်ရှိပါသည်။

ဝင်ရိုးတခုတည်းရှိသောစနစ်တွင် နယ်ချဲ့ဗိုလ်ကြီး တဦးသာ ရှိပါမည်။ သို့သော် ကမ္ဘာကိုပိုင်းခြား၍ လက်ထောက်များ ထားရပါမည်။ အင်္ဂလိပ်ကတော့ နေရာဦးထားပါသည်။ သူ့ကိုယ်သူ နောက်လိုက်အပေါင်းအသင်း (**junior partner**) ပါဟု ပြောနေပါသည်။ သူက ဘယ်ဒေသအပိုင်စား ရလိုသလဲဆိုသည်ကား မသိရပါ။ ဩစတြေလျကမူ အရှေ့တောင်အာရှအတွက် လက်ထောက်ဖြစ်ချင်မှန်း သိသာပါသည်။ အမေရိကန် "ကေရာဇ်" ၏ အရှေ့တောင်အာရှ "ဘုရင်ခံချုပ် " ဖြစ်ရန် တာစူနေပါသည်။

ဝင်ရိုးတခုသာရှိသော ကမ္ဘာ့စနစ်၏ နမူနာတခုကို အာရှ၊ အာဖရိကတွင် တွေ့လိုက်ဖူးပါသည်။

– "ဆိုးသွမ်းနိုင်ငံများ" ကို သူကဆုံးဖြတ်ပါသည်။ အားလုံးအာရှမှ ဖြစ်သည်။

– ပင်လယ်ပြင်မှနေ၍ အာဖဂန်နစ္စတန်နှင့် ဆူဒန်ကို ဒုံးပျံဖြင့် ပစ်သည်။

– အာရှ၏ လေပြင်ပိုင်နက်ကို သူ့ပိုင်နက်အဖြစ် သဘောထားကာ လုပ်ဆောင်သည်။

နောက်နမူနာတခုမှာ အမေရိကန်လွှတ်တော်က ကမ္ဘာ့လွှတ်တော်ကဲ့သို့ ကျင့်ကြံသည်။

နောက်နမူနာတခုမှာ တဖက်ကိုပင်းသော ဒိုင်လူကြီးလုပ်သည်။ (အာရပ် – အစ္စရေးကိစ္စ) အရှေ့အလယ်ပိုင်း "ဘုရင်ခံချုပ်" အဖြစ် အစ္စရေးကိုခန့်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ဗမာပြည်တွင် အာဏာသိမ်းစစ်အစိုးရ ရှိနေသောကြောင့် ဤသို့သော ကမ္ဘာ့စနစ်မျိုးတွင် တိုင်းပြည်အနေဖြင့် သာဖို့မရှိ။ နာဖို့သာ ရှိပါသည်။ ဒီမိုကရေစီအစိုးရ ရှိခဲ့လျှင်လည်း အမြဲမပြတ် ပြည်တွင်းရေးရှုပ်ထွေးနေအောင် အလုပ်ခံရဖို့သာ ရှိသည်။ ထို့ကြောင့် တိုင်းပြည်

အတွက် ကောင်းကွက်မရှိနိုင်ပေ။

ဝင်ရိုးအများရှိသော ကမ္ဘာ့စနစ်ဖြစ်စေ၊ ဝင်ရိုးတခုသာရှိသော စနစ်ဖြစ်စေ မည်သည့်စနစ်ဖြစ်ဖြစ် "ပြည်ချစ်ဝါဒ" ဖြင့်သာ တိုင်းပြည်ကို ကာကွယ်နိုင်မည် ဖြစ်ပေသည်။

ယခုအခါ ကမ္ဘာ့စနစ်သစ်အတွက် လွန်ပွဲကြီး ဖြစ်နေသည်။ ဗမာပြည် ကြားညပ် ခံ၍မဖြစ်ပါ။ သတိရှိကြရပါမည်။

ဝင်ရိုးအများရှိသည့်စနစ် ဖြစ်လျှင်လည်း အပြိုင်ဆွဲကြမည့် လွန်ပွဲကလေးများတော့ ရှိနေဦးမည်။ "ပြည်ချစ်ဝါဒ" ဖြင့်သာ မိမိတိုင်းပြည်၏ အဆင့်နေရာကို မြင့်တက်စေရန် လုပ်ကြရပါမည်။ "ပြည်ချစ်ဝါဒ" ကိုအခြေခံကာ အမြော်အမြင်ရှိစွာဖြင့် တိုင်းပြည်ကို ဖွံ့ဖြိုးရေး လမ်းမှန်ပေါ်ရောက်အောင် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

## (ဂ) ပြည်တွင်းအခြေအနေ

စစ်အေးခေတ်အတွင်း စစ်အာဏာသိမ်းပွဲ နှစ်ကြိမ် (၁၉၅၈ နှင့် ၁၉၆၂) ဖြစ်ခဲ့သည်။ ၁၉၅၈ အာဏာသိမ်းပွဲမှာ အာဏာသိမ်းပွဲစစ်စစ် မဟုတ်၊ အာဏာကို အကျပ်ကိုင် တောင်းခြင်း ဖြစ်သည်။ ပါလီမန်နည်းနှင့်လည်း အာဏာလွှဲခဲ့ခြင်းဖြစ်၍ ပြည်ပမှ အမှတ် ထင်ထင်ရှိသူ နည်းသည်။ တုံ့ပြန်မှုလည်း မရှိခဲ့။ အနောက်ကမ္ဘာက နေဝင်းအစိုးရအပေါ် မျှော်လင့်ချက်ပင် ထားခဲ့သည်။

ဦးနုမှာ "နုမှု" များချမှတ်ပြီး လက်ဝဲလမ်းစဉ်ဖြင့် ကစားခဲ့သူ ဖြစ်သည်။ ကြားနေ ရေး လုပ်ခဲ့သူ၊ တရုတ်နှင့်နီးစပ်ပြီး နယ်နိမိတ်ကိစ္စ ပြေလည်အောင်လုပ်နေသူဖြစ်၍ ဦးနုထက် ဗိုလ်နေဝင်းအပေါ် မျှော်လင့်ချက်ထားသည်။ အာဏာသိမ်းစစ်အုပ်စုတွင် ဗိုလ်မောင်မောင် တို့လို အမေရိကန်နှင့် ပူးပေါင်းလိုသူများလည်း ရှိနေသည်။ ဗိုလ်မောင်မောင်တို့သည် တရုတ် – ဗမာ နယ်နိမိတ် သတ်မှတ်ရေးတွင် ဦးကျော်ငြိမ်းကဲ့သို့ တင်းမာသူများလည်း ဖြစ်သည်။

ဦးနု၏ "တာတေစနေသား" စာအုပ်တွင်၊ ဦးကျော်ငြိမ်းက ဘုရင့်နောင်ခေတ် စည်းကြောင်းအတိုင်း သတ်မှတ်ရေး ပြောကြောင်း၊ သူကပယ်ချကြောင်း ရေးသည်ကို ဖတ်ရသည်။ ဗိုလ်မောင်မောင်နှင့် စစ်ဗိုလ်တစုကလည်း ဦးကျော်ငြိမ်းလိုပင် ပြောကြသည်။ သူတို့ထဲကတယောက်က တရုတ်ကွန်မြူနစ်လိုချင်သမျှ ခင်ဗျားတို့ဗမာကွန်မြူနစ်တွေက တောင်းတိုင်းပေးလိုက်မှာပဲဟု ဆိုသည်။ ဗမာပြည်ကွန်မြူနစ်များသည် ပြည်ချစ်ဝါဒအရာတွင် ဗိုလ်မောင်မောင်တို့ထက် သာပါသည်။ ထိုစဉ်က သူ့ညွှန့်ရိပ်သာတွင် အမေရိကန် စစ်သံမှူး ရှိနေပါသည်။ အမေရိကန်ကြိုက်ပြောခြင်း ဖြစ်ပါသည်။

"ဗမာက ဘုရင့်နောင်စည်းကြောင်းပြောလျှင် တရုတ်က ကူဗလိုင်ခန်စည်းကြောင်း ပြောနိုင်သည်။ ထိုသို့ပြောနေလျှင် မည်သည့်အခါမျှ မပြီးနိုင်" ဟု ကွန်မြူနစ်များက တုံ့ပြန်ပါသည်။ မပြီးစီးလျှင် အမေရိကန်မှုချဝင်မည်ဟုလည်း ပြောလိုက်ရသည်။ ဖီမော်၊



ဂေါ်လံ၊ ကန်ဖန် ကိစ္စနှင့်ပတ်သက်ပြီး ဦးဇန်ထားဆင်က သေနတ်ကိုင်ပြီး တိုက်မလိုလို ပြောခြင်းမှာ ဗိုလ်မောင်မောင်တို့အားကိုးနှင့်ပြောခြင်း ဖြစ်သည်။

ဦးနု၊ ဦးဗဆွေတို့လုပ်ထားသည်မှာ နယ်နိမိတ်သတ်မှတ်ရေး ပြီးသလောက် ဖြစ်နေ၍ တကြောင်း၊ အာဏာသိမ်းစစ်အစိုးရစစ်စစ်မဟုတ်ဘဲ အိမ်စောင့်အစိုးရဖြစ်နေသဖြင့် ပြင်နိုင်သည့်အာဏာ မရှိသောကြောင့်တကြောင်း၊ ဗိုလ်နေဝင်းက သမိုင်းတွင်မည့်အလုပ် လုပ်ခဲ့ချင်၍တကြောင်း လက်မှတ်ထိုးပွဲ ဖြစ်ခဲ့သည်။ နိုင်ငံတကာက စိတ်ဝင်စားသည်မှာ ဤကိစ္စသာ ရှိသည်။ နိုင်ငံတကာဆိုသည်မှာလည်း ဗမာပြည်အရေး စိတ်ဝင်စားသူ အနည်းစုကို ဆိုလိုခြင်း ဖြစ်သည်။

၁၉၆၂ ခုနှစ် ဒုတိယ စစ်အုပ်စုအာဏာသိမ်းပွဲတွင်လည်း နိုင်ငံတကာတုံ့ပြန်မှု မရှိပါ။ ကျူးဘားဒုံးပျံအရေးအခင်းတွင် စူပါပါဝါများ အလုပ်များနေသည်။ အခြားသူများက တတိယကမ္ဘာစစ်ဖြစ်မည်လောဟု စိတ်စောနေကြသည်။ အိန္ဒိယနှင့် တရုတ်ကလည်း တိဗက် အရေး၊ နယ်စပ်အရေးဖြင့် အလုပ်ရှုပ်နေကြသည်။ အမေရိကန်ကလည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပြောသည့်ခေတ် မဟုတ်သေး။ တောင်ဗီယက်နမ်တွင် သွေးထွက်သံယို အာဏာသိမ်းပွဲလုပ်ရန် ကြံစည်နေသည်။ အာဏာသိမ်းပွဲတွေကို အားပေးနေချိန် ဖြစ်သည်။ ပြဿနာမရှိ။ ဆိုဗီယက်ကလည်း နေဝင်းတို့က တရုတ်ပြည်ကို ရန်လုပ်၍ ကျေနပ်သည်။ မဆလခေတ်တွင် ဗမာပြည်အရေး ပါဝင်လာသည့်လူသစ်မှာ မြောက်ကိုရီးယား ဖြစ်သည်။ ပါတီချင်း သဝဏ်လွှာတွေပေးသည်အထိ တက်လာပြီးမှ အာဇာနည်ဗိမာန် ဗုံးခွဲသည့် အရေးကြောင့် အဆက်ပြတ်သွားသည်။ ဗမာပြည်အရေး စိတ်ဝင်စားနေကျ ဂျပန်နှင့်လည်း ပုံမှန်ပင် ရှိခဲ့သည်။ "ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး" လုပ်ရင်း ဂျပန်အပေါ် စီးပွားရေး၊ ဘဏ္ဍာရေးအရ မှီခိုရမှု ကြီးလာသည်။ နိုင်ငံတကာက (အားလုံး မဟုတ်ပါ၊ အတော်များများ က) စိတ်ဝင်စားသည့်အရေးမှာ LDC "ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ"အဖြစ် လျှောက်လွှာတင် သောအခါ ဖြစ်သည်။ LDC ရသွားသောအခါ ပုံမှန်ပြန်ဖြစ်သွားပြန်သည်။

၁၉၅၈ သည်လည်းကောင်း၊ ၁၉၆၂ သည်လည်းကောင်း နိုင်ငံတကာတွင် မည်သည့် ဂယက်မျှ မထခဲ့။ စစ်အေးခေတ်တွင် ဖြစ်ရိုးဖြစ်စဉ်မျှသာဟု သဘောထားကြသည်။ နဂိုကတည်းက ဗမာပြည်အရေးကို စိတ်ဝင်စားသူက နည်းပါသည်။

ထိုင်း၊ မလေး၊ စင်္ကာပူ တို့ကလည်း "အနီဒီလိုင်း" ကို တားနေသည့် တံတိုင်း အဖြစ် ဗမာပြည်ကို မြင်နေကြ၍၊ ဗမာပြည်စစ်အစိုးရကို စိတ်ချသည်။ ထိုင်းကတော့ မှောင်ခို ဈေးကွက် အပိုင်ရထားသဖြင့် သာ၍ကျေနပ်သည်။ မဆလအစိုးရကလည်း မှောင်ခိုစီးပွားရေး ကို မဆလ ဆိုရှယ်လစ်စီးပွားရေး၏ အထောက်အကူဟု သဘောထားပြီး ကျေနပ်သည်။ နှစ်ဘက်ကျေနပ် နေသဖြင့် နယ်စပ်မှ လူမျိုးစုလက်နက်ကိုင်အင်အားစုများ မှောင်ခိုလမ်းတွင် ဂိတ်ဖွင့်ပြီး ဂိတ်ကြေးယူနေသည်ကို ဂရုမပြုပါ။ ပြဿနာလည်း မပေါ်ပါ။ နားလည်မှုအပြည့်